မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၀၄)

တပေါစ ဧတံ မင်္ဂလ မုတ္တမံ

ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

မျိုးကောင်းမျိုးသန့် နှစ်ရှည်သီးနှံပင်များ ရွေးချယ်စိုက်ပျိုး၊ တိရစ္ဆာန်များစွန့်ပစ်ပစ္စည်းမှ ဇီဝဓာတ်ငွေ့လောင်စာ ထုတ်လုပ်သုံးစွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် စိမ်းပန်းမြိုင်ရဲရိပ်သာရှိ ရန်ကုန်တိုင်းရဲတပ်ဖွဲ့၏ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်၍ ဟင်းသီးဟင်းရွက် စိုက်ခင်းများ၊ မွေးမြူရေးခြံများနှင့် ကုန်ထုတ်လုပ်ငန်းပြခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထုတ်လုပ်သုံးစွဲ

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ရန်ကုန်တိုင်းရဲတပ်ဖွဲ့၏ *စာမျက်နှာ ၃ ကော်လံ ၁* ✻



ထားဝယ်ခရိုင် ဟာမြင်းကြီး သတ္တုတွင်းမှ ရရှိသော ခဲမဖြူ၊ အဖြိုက်နက် သန့်စင်အရိုင်းတုံးကြီးကို တွေ့ရစဉ်။
(မြန်မာ့အလင်း)

ခဲမဖြူ၊ အဖြိုက်နက် အများဆုံးထွက်ရှိနေသည့် ဟိန္ဒားသတ္တုသိုက်မှ တစ်နှစ်တန် ၆၀၀ ထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်နေ

- သတင်းခရီးသည် - မြင့်မောင်စိုး
- ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)
- စာမျက်နှာဖွဲ့စည်းမှု - သန်းဇော် (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၁

တနင်္သာရီတိုင်း ထားဝယ်ခရိုင်အတွင်းရှိ ဟိန္ဒားနှင့် ဟာမြင်းကြီးဒေသများသည် ခဲမဖြူ၊ အဖြိုက်နက်အများဆုံး ထွက်ရှိခြင်းကြောင့် လူသိများ ကျော်ကြားသည်။

လေ့လာ

မြန်မာ့အလင်းသတင်းအဖွဲ့သည် တနင်္သာရီတိုင်း၏ ဒေသဖွံ့ဖြိုးရေးသတင်းဆောင်းပါးများ ရေးသားရန် မကြာမီက ရောက်ရှိခဲ့ရာ နာမည်ကြီး သတ္တုသိုက်ကြီးတစ်ခုဖြစ်သည့် ဟိန္ဒားသတ္တုတွင်းသို့ သွားရောက်လေ့လာခဲ့ကြသည်။

တွေ့ဆုံ

ယင်းသတ္တုသိုက်သို့ မသွားရောက်မီ ထားဝယ်မြို့ရှိ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းသို့ သွားရောက်ကာ တိုင်းအထွေထွေမန်နေဂျာ ဦးကျော်တင့်နှင့် တွေ့ဆုံမေးမြန်းခွင့် ရခဲ့သည်။
စာမျက်နှာ ၉ ကော်လံ ၁ ●

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သတ္တုမြေစာများကို သန့်စင်ဆေးကြောရန် မော်တော်ယာဉ်များဖြင့် သယ်ဆောင်နေသည်ကို ဟိန္ဒားသတ္တုတွင်း လုပ်ငန်းခွင်တစ်နေရာ၌ ဤသို့ တွေ့ရသည်။
(မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၂ ရက်)

အင်ဂျင်နီယာပညာရပ်များ မျက်ခြည်မပြတ် လေ့လာဆည်းပူး တတ်ကျွမ်းသည့် အင်ဂျင်နီယာပညာရပ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း

အာဆီယံအင်ဂျင်နီယာအသင်းချုပ်၏ Distinguished Honorary Fellowship ပေးအပ်ပွဲနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ Function Hall ၌ ဇန်နဝါရီလ ၁၀ရက်နေ့ကကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အမှာစကား ပြောကြားခဲ့ပေသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ကြီး၏ အသင်းဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည်လည်း အာဆီယံ ၁၀နိုင်ငံမှ အင်ဂျင်နီယာအသင်း ၁၀သင်းကို စုစည်းဖွဲ့စည်းထားသည့် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ASEAN Federation of Engineering Organizations (AFEO) တွင် အဖွဲ့ဝင်အဖြစ် ၂၀၀၀ပြည့်နှစ်မှစ၍ ပါဝင်လှုပ်ရှားခဲ့သည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည် (AFEO) အဖွဲ့ဝင်အသင်းဖြစ်သည်နှင့်အညီ (AFEO)၏ လှုပ်ရှားမှုများ၌ တက်ကြွစွာပါဝင်ခဲ့သည်။ ၂၀၀၄ခုနှစ်တွင်ကျင်းပခဲ့သည့် Conference of the ASEAN Federation of Engineering Organizations (CAFEO-22) ကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ၍ အောင်မြင်စွာကျင်းပခဲ့သည်။

ယင်းသို့ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ခဲ့ခြင်းသည် အဖွဲ့ဝင်နိုင်ငံအသီးသီးမှ အင်ဂျင်နီယာပညာရှင်များ တရင်းတနှီး တွေ့ဆုံခွင့်ရခြင်းဖြင့် ပညာရပ်များနီးနှောဖလှယ်ခွင့် ရရှိခဲ့သည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်၍ သိပ္ပံနှင့်နည်းပညာတိုးတက်ရေးသည် နိုင်ငံတိုင်းက တစိုက်မတ်မတ် အားသွန်ကြိုးပမ်းနေကြရသည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းနေသော အချိန်ကာလဖြစ်သည်။

မြန်မာနိုင်ငံတွင် ကြီးမားပြီး ငွေကြေးမြောက်မြားစွာ အကုန်အကျခံတည်ဆောက်ခဲ့သည့် စီမံကိန်းကြီးများစွာကို တိုင်းရင်းသားအင်ဂျင်နီယာပညာရှင်များ၏ အတတ်ပညာစွမ်းပကားဖြင့် တည်ဆောက်နိုင်ခဲ့ခြင်းသည် မြန်မာအင်ဂျင်နီယာများ၏ စွမ်းဆောင်ရည်ကို ကမ္ဘာသိမော်ကွန်း ထိုးပြနေခြင်းဖြစ်သည်။

သယံဇာတသည် ထုတ်ယူသုံးစွဲသည်နှင့်အမျှ ကုန်ဆုံးသွားမည်ဖြစ်၍ လူသားစွမ်းရည်သက်သက်နှင့် ရှင်သန်ရပ်တည်နိုင်ရန် စက်မှုနည်းပညာရပ်များရှိရန် လိုအပ်ပေသည်။

သို့ဖြစ်ပေရာ တိုးတက်ဖြစ်ပေါ်နေသည့် အင်ဂျင်နီယာပညာရပ်များကို မျက်ခြည်မပြတ်လေ့လာဆည်းပူးရန် လိုအပ်သကဲ့သို့ အမြဲတမ်း ဆန်းသစ်တီထွင်ကြံဆရန်လည်းလိုအပ်ပြီး အင်ဂျင်နီယာပညာရပ်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံထူထောင်နိုင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည်ဟု ခံယူကာ မြန်မာအင်ဂျင်နီယာများအနေဖြင့် ကျရာအခန်းကဏ္ဍမှ တတ်ကျွမ်းသည့်အင်ဂျင်နီယာပညာရပ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း စွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အထက(၁)လသာ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

လသာမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ရန်ကုန် ဟိုက်စကူးကျောင်း)၏ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၁၈ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ယင်းကျောင်းရှိ ဗဟိုစံပြခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဦးငွေဝင်း(ဗဟန်း)ဖုန်း-၅၃၇၉၄၀၊ ဦးဝင်းလှိုင်(ရန်ကင်း) ဖုန်း-၅၄၉၀၇၀၊ ဦးအောင်ကြွယ်၊ ဦးညဏ်ထွန်း(စမ်းချောင်း) ဖုန်း-၅၁၄၈၉၈၊ ဦးအောင်လွင် (ပုဇွန်တောင်) ဖုန်း-၂၉၀၅၀၁၊ ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)ဒေါ်အန္တဲ့(သာကေတ) ဖုန်း-၅၅၆၂၁၇နှင့် ကျောင်းဆရာမ(ငြိမ်း)ဒေါ်ရင်ရင်ကြည် ဖုန်း-၂၂၇၂၁၈၊ ၂၂၆၁၁၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၂-၁-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၀၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၅း၁၅	၉။	ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင်
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	သွက်လက်လှုပ်ရှား ကစားစို့လား
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၄၂)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	မေးမြန်းစူးစမ်း
	၂၁။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၂၅)

ပဲခူးတိုင်းအတွင်းရှိ စက်ရုံနှင့် ပီလောပီနံစိုက်ခင်းများ စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇန်နဝါရီ ၉ရက်က မြန်မာ့စားသောက်ကုန်လုပ်ငန်း ပဲခူးတိုင်းရှိ ဇေယျဝတီသကြားစက်သို့ရောက်ရှိ၍ ကြံချကွင်း၌ ကြံများစနစ်တကျ စုပုံထားရှိမှုနှင့် ကြံများအား ပတ္တားလိုင်းဖြင့် ကြံကြိတ်ဌာနသို့ ပို့ဆောင်မှုအခြေအနေများကိုလည်းကောင်း၊ စက်ရုံတွင်းရှိ ကြိတ်လုံးဌာန၊ ဘွိုင်လာဌာန၊ ကျိုချက်ဌာန၊ သကြားချက်ခြင်း၊ သကြားပေါင်းခြင်း လုပ်ငန်းအဆင့်ဆင့်ကို လည်းကောင်း၊ ချက်ကြံသီးနှံစိုက်ခင်းသို့ ရောက်ရှိ၍ ဧက၁၅၀၀ အသစ်ပြန်လည်စိုက်ပျိုးပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေး မိုင်တိုင် ၁၀၁မိုင် ၂ဖာလုံနှင့် ၁၀၁မိုင် ၆ဖာလုံအကြား၌ ချက်ကြံသီးနှံဧက၅၀၀ တိုးချဲ့စိုက်ခင်းသို့ရောက်ရှိ၍ ၁၃၃ဧက စိုက်ပျိုးပြီးစီးမှုနှင့် ကျန်ဧကများ မြေယာပြုပြင်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ဒိုက်ဦးပီလောပီနံစိုက်ခင်းသို့ ရောက်ရှိ၍ ဧက၁၃၀၀ ပီလောပီနံစိုက်ခင်းများ၏ အခြေအနေကိုလည်းကောင်း၊ ဒိုက်ဦးကော်မှုန့်စက်ရုံသို့ရောက်ရှိ၍ ဂလူးကို့စ်နှင့် ဂလူးကို့စ်အားဖြည့် အချိုရည် ထုတ်လုပ်မှုလုပ်ငန်း၏ အချိုဖောက်ဌာန၊ အချိုရည်ဖောက် အပွင့်ဖော်ဌာန၊ အအေးခံအပွင့်ဖော်ခြင်းနှင့် ဂလူးကို့စ်အားဖြည့် အချိုရည်ထုပ်ပိုးမှုလုပ်ငန်းများကိုလည်းကောင်း၊ ကော်ကြိတ်ခွဲထုတ်လုပ်ရေးဌာန၏ ကော်သန့်စင်ဌာန၊ ကော်အခြောက်ခံဌာန၊ ကော်မှုန့်ချိန်တွယ် အိတ်သွတ်ခြင်း လုပ်ငန်းအဆင့်ဆင့်တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

စိုက်ပျိုးပြီးစီးမှု

ထိုမှတစ်ဆင့် ဝန်ကြီး ဦးအောင်သောင်းသည် ဝင်းသုဇာ အရောင်းဆိုင်(ပဲခူး)သို့ရောက်ရှိ၍ ပစ္စည်းများရောင်းချမှု အခြေအနေများကိုလည်းကောင်း၊ ပဲခူးပီလောပီနံစိုက်ကွင်းသို့ ရောက်ရှိ၍ ပီလောပီနံဧက၇၀၀ စိုက်ပျိုးပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စိုက်ခင်းရှင်းလင်းဆောင်၌ စိုက်ခင်းတာဝန်ခံ ဦးမောင်ချိုက ဧက၇၀၀ ပီလောပီနံများစိုက်ပျိုးပြီးစီးမှု၊ လဖျော်ရိုးတမံမှ စိုက်ခင်းများ ရေရရှိရေးအတွက် ရေသိုလှောင်ထားရှိမှုနှင့် ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်မည့် မြေဧရိယာများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကိုမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၁-၂၀၀၉ (တနင်္လာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**ပူတိဂတ္တတိဿမထေရ်** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၈း၀၅-၂း၀၅	Activities in the City (မိုးယံဖွန် တေးစီးရီး)
၈း၂၀-၂း၂၀	Soccer Update
၈း၃၅-၂း၃၅	နိုင်ငံတကာအနုပညာရေးရာ
၉း၀၀-၃း၀၀	တေးဂီတအစီအစဉ်
၉း၀၅-၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅-၃း၁၅	Orchard Families (အပိုင်း-၂)
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	Biz Net
၁၀း၀၀-၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅-၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀-၄း၁၀	ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားရည်ထုတ်လုပ်ရေး)
၁၀း၄၅-၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅-၄း၅၅	Yangon Panorama အထက(၁)လမ်းမတော် မြတ်ဆရာပူဇော်ပွဲ
၁၁း၁၀-၅း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၅-၅း၁၅	ရေပျော်ငှက်၏ တောင်ပံခတ်သံ
၁၁း၄၀-၅း၄၀	သူတို့ပြောတဲ့ သူတို့အကြောင်း (ရုပ်ရှင်သရုပ်ဆောင် ဇေရာနှင့်တွေ့ဆုံခြင်း)
၁၂း၀၅-၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀-၆း၁၀	ရွှေမန္တလေးရဲ့ Fancy ကမ္ဘာ
၁၂း၂၀-၆း၂၀	MRTV-4 ကျန်းမာရေးကဏ္ဍ (လေဖြတ်လူနာပြုစုခြင်း သိကောင်းစရာများ)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဇန်နဝါရီ ၃ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်တွင် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရှင် မပွင့်အိဖြူအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စောဝင်းက ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

* ရှေ့ဖုံးမှ

ဘက်စုံစိုက်ပျိုးမွေးမြူရေး ခြံအတွင်း ဟင်းသီးဟင်းရွက်နှင့် စားသုံးသီးနှံများ စိုက်ပျိုးထားမှုအခြေအနေ၊ ဝက်၊ ဘဲ၊ နွားနှင့် ငါးများမွေးမြူထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက တင်ပြချက်များနှင့်စပ်လျဉ်း၍ နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးမွေးမြူကြရေးနှင့် တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းများကိုအသုံးပြု၍ ဇီဝဓာတ်ငွေ့လောင်စာထုတ်လုပ်သုံးစွဲနိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့၏ ဟင်းသီးဟင်းရွက်နှင့် စားသုံးသီးနှံ စိုက်ခင်း၊ ဝက်မွေးမြူရေးခြံနှင့် ဘူးစိုက်ပျိုးရေးခြံတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၏ ဟင်းသီးဟင်းရွက်နှင့် စားသုံးသီးနှံစိုက်ခင်း၊ ဝက်မွေးမြူရေးခြံနှင့် ငါးမွေးမြူရေးကန်တို့ကို လည်းကောင်း၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့၏ ဟင်းသီးဟင်းရွက်နှင့် စားသုံးသီးနှံစိုက်ခင်း၊ မျိုးဥယျာဉ်၊ ဝက်မွေးမြူရေးခြံ၊ ဘဲမွေးမြူရေးခြံနှင့် ငါးမွေးမြူရေးကန်တို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ရန်ကုန်တိုင်းအတွင်း မြို့နယ် ၄၄မြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့ အိမ်ထောင်သည်မိသားစုများ၏ ကုန်ထုတ်လုပ်ငန်းပြခန်း၌ ခင်းကျင်း ပြသထားသော အိမ်ထောင်သည်မိသားစုဝင်များ တစ်နိုင်တစ်ပိုင်ထုတ်လုပ်ထားသည့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် စားသောက်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး စားသောက်ကုန်ပစ္စည်းများကို ကျန်းမာရေးနှင့်ညီညွတ်အောင် သန့်ရှင်းသပ်ရပ်စွာ ထုတ်လုပ်ရေးနှင့် လူသုံးကုန်ပစ္စည်းများကို အရည်အသွေး ယခုထက်ပိုမိုမြင့်မားအောင် ထုတ်လုပ်ရေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့၏ နို့စားနွားမွေးမြူရေးခြံနှင့် ငွေနှင်းမှိုစိုက်ပျိုးရေးခြံတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့အိမ်ထောင်သည် မိသားစုဝင်များ၏ ဖယောင်းတိုင်လုပ်ငန်းနှင့် ထုတ်ကုန်ပစ္စည်းအရောင်းပြခန်းတို့ကို လည်းကောင်း၊ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့၏ ဟင်းသီးဟင်းရွက်နှင့် စားသုံးသီးနှံစိုက်ခင်း၊ ဝက်မွေးမြူရေးခြံနှင့် ငါးမွေးမြူရေး ကန်တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားသည်။

(သတင်းစဉ်)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့ဆိုကဲ့ရဲ့လည်း၊ မဖွဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟသ်ာဆရာတော်ဘုရားကြီး)

❒ ကျောဖုံးမှ

နန်ချိုရေအားလျှပ်စစ်စီမံကိန်းသည် နေပြည်တော်ပျဉ်းမနား အရှေ့ဘက် ၁၆ မိုင်အကွာ နန်ချိုချောင်းပေါ်၌တည်ရှိပြီး စီမံကိန်းပြီးစီးပါက နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၅၂သန်း ထုတ်လုပ်နိုင်မည်ဟု သိရသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပင်မတမံတည်ဆောက်ရန် မြေပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထုတ်လုပ်ပေးနိုင်

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသည် နေပြည်တော်ပျဉ်းမနား အရှေ့ဘက် ၂၆မိုင်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ တည်ရှိသည်။ စီမံကိန်း ပြီးစီးပါက မဂ္ဂါဝပ် ၇၀စက်နှစ်လုံးဖြင့် တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၄၅၄သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၏ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်ပျဉ်းမနားအရှေ့ခြမ်းရှိ နန်ချိုရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြို့ပင်ကောက်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

ကြို့ပင်ကောက်မြို့နယ်အသင်း၏ ၂၀၀၈ခုနှစ် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၁ရက် နံနက် ၉နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး စည်ပင်သာယာရေးမွှာရုံ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ကြို့ပင်ကောက်မြို့နယ်အသင်း ဂုဏ်ထူးဆောင်နာယကများ၊ နာယကများ၊ အလုပ်အမှုဆောင်များ၊ အဝေးရောက်ကြို့ပင်ကောက်မြို့နယ် အကျိုးဆောင်များ၊ အဘိုးအဘွားများ၊ ၂၀၀၈ခုနှစ်အခြေခံပညာအထက်တန်း စာမေးပွဲ၌ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော သားသမီးများ၊ ရန်ကုန်မြို့နှင့် ကြို့ပင်ကောက်မြို့တို့မှ အသင်းသားအသင်းသူများ စုံလင်စွာတက်ရောက်ကြသည်။

ဆွေးနွေး

ရှေးဦးစွာ အသက်ဂရုနှင့်အထက် အဘိုးအဘွားများအားပူဇော်ကန်တော့ခြင်း **(အောက်ပုံ)**၊ နှစ်ပတ်လည်အစည်းအဝေးသို့တင်သွင်းသည့် အစီရင်ခံစာအပေါ် ဆွေးနွေးအတည်ပြုခြင်း၊ ထူးချွန်သူသားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်း၊ အသင်းသို့လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ခြင်းနှင့် ကံစမ်းမဲဖောက်ခြင်းများဖြင့် စုံလင်စွာကျင်းပပြီး နံနက် ၁၁နာရီတွင် အခမ်းအနားပြီးစီးကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကျေးလက်မြေသားလမ်း ဖောက်လုပ်မှုစစ်ဆေး

ဟားခါး ဇန်နဝါရီ ၁၁

ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ် ကျေးလက်လမ်း (ကျင်ခွား) ကျေးရွာ မြေသားလမ်းဖောက်လုပ်နေမှုကို အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးတမ်အောင်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

မြန်မာ့အလင်း | မိုးလေဝသ ခန့်မှန်းချက် | သန်းသန်းနု ကိုးကားတင်ပြသည်

နမ့်စန်တွင်အအေးပေါ့၊ မုတ္တမကွေ့ ၊ မွန်-တနင်္သာရီကမ်းရိုးတန်းတို့၌ လေပြင်းများကျရောက်နိုင်

ရန်ကုန် ဇန်နဝါရီ ၁၁

ဇန်နဝါရီ ၁၂ ရက်(ယနေ့) ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

ဇန်နဝါရီ ၁၂ရက်**(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီး တစ်ဝိုက်တွင် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် တိမ်အသင့်အတင့်ရှိမည်ဖြစ်သည်။

ဇန်နဝါရီ ၁၁ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတု အခြေအနေကို ဖော်ပြရလျှင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ကျန်ဒေသများ၌ အများအားဖြင့် သာယာခဲ့သည်။

ပျမ်းမျှအပူချိန်

ညအပူချိန်များမှာ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကယားပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီ ဂရိတ်လျော့နည်းခဲ့သည်။ ကယားပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့သည်။ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်မှာ နမ့်စန်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

လှိုင်းကြီးနိုင်

မြန်မာ့ပင်လယ်ပြင်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

12-1 (03).pmd 1 1/12/2009, 2:17 AM

ဂျပန်နိုင်ငံ တိုကျိုမြို့ အရှေ့ပိုင်း ချီဘာမြို့ရှိ ကားအရောင်းပြခန်းတွင် အရောင်းမြှင့်တင်ရေးဝန်ထမ်းတစ်ဦးက ကားသစ်တစ်စီးအား ပြသနေသည်ကို ဇန်နဝါရီ ၁၀ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အမေရိကန်၏ အလုပ်လက်မဲ့ဦးရေ ၁၅နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိလာ

ဝါရှင်တန် ဇန်နဝါရီ ၁၁

အမေရိကန်နိုင်ငံအတွင်း ကမ္ဘာ့စီးပွားရေးပြဿနာများကြောင့် အလုပ်လက်မဲ့ဦးရေမှာ တစ်စထက်တစ်စ မြင့်တက်လာခဲ့ပြီး ဒီဇင်ဘာလက ၇ဒသမ ၂ရာခိုင်နှုန်း ထပ်မံမြင့်တက်လာခဲ့ရာ ၁၅ နှစ်တာကာလအတွင်း အလုပ်လက်မဲ့ဦးရေမြင့်တက်မှုမှာ အမြင့်ဆုံးဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အလုပ်အကိုင်ဆုံးရှုံး

ဒီဇင်ဘာလအတွင်း၌ပင် အလုပ်သမားဦးရေ ၅၂၄၀၀၀မှာ အလုပ်မှထုတ်ပယ်ခြင်းခံခဲ့ရသည်။ အမေရိကန်နိုင်ငံအတွင်း ၂၀၀၈ ခုနှစ်၌ အလုပ်လက်မဲ့ဦးရေ စုစုပေါင်းမှာ ၂ဒသမ၆သန်းရှိခဲ့ပြီး ၁ဒသမ၉သန်းမှာ ၂၀၀၈ခုနှစ်၏ တတိယ လေးလတာကာလအတွင်း အလုပ်အကိုင်များ ဆုံးရှုံးခဲ့ကြရခြင်းဖြစ်သည်။

အမြင့်ဆုံး

၁၉၉၃ခုနှစ် ဇန်နဝါရီလမှစတင်၍ ယခုအချိန်အထိ ဒီဇင်ဘာလအတွင်း အလုပ်လက်မဲ့ဦးရေ မြင့်တက်မှုမှာ အမြင့်ဆုံးသို့ ရောက်ရှိလာခဲ့သည်။

မော်တော်ယာဉ်ထုတ်လုပ်ရေး

စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားဦးရေ ၇၉၁၀၀၀နှင့် မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများမှလည်း အလုပ်သမားဦးရေ ၂၁၀၀၀ခန့်တို့မှာ အလုပ်အကိုင်များ ဆုံးရှုံးခဲ့ရသည်။

ဒီဇင်ဘာလအတွင်းမှာပင် ဆောက်လုပ်ရေး လုပ်ငန်းခွင်များမှ အလုပ်သမား ၁၀၁၀၀၀၊ အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ဝန်ထမ်း ၈၁၀၀၀၊ လက်ကား အရောင်းဆိုင်များနှင့်ကုန်သွယ်ရေးလုပ်ငန်းများမှ ဝန်ထမ်း ၆၇၀၀၀နှင့် ၃၀၀၀၀စီတို့မှာလည်း အလုပ်အကိုင်များ ဆုံးရှုံးခဲ့ကြရသည်။

(အင်တာနက်)

ဘရာဇီးစိုက်ပျိုးထုတ်ကုန်တင်ပို့မှု မြင့်တက်လာ

ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၁၁

ဘရာဇီးနိုင်ငံ၏ စိုက်ပျိုးကုန်ထုတ်လုပ်မှုမှ ထွက်ကုန်များအား ပြည်ပသို့ တင်ပို့မှုမှာ ၂၀၀၈ခုနှစ်အတွင်း အမေရိကန် ဒေါ်လာ ၇၁ဒသမ၉ဘီလီယံ ရရှိခဲ့ရာ ၂၀၀၇ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၃ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ဘရာဇီးစိုက်ပျိုးရေး ဝန်ကြီးဌာနက ဇန်နဝါရီ၁၀ရက်တွင် သတင်းထုတ်ပြန်သည်။

စိုက်ပျိုးရေးသွင်းကုန်အနေဖြင့်လည်း ၂၀၀၈ခုနှစ်အတွင်း ၁၁ဒသမ၈ဘီလီယံ ရရှိလာခဲ့ရာ ၂၀၀၇ခုနှစ်ကနှင့် နှိုင်းယှဉ်လျှင် ၃၅ဒသမ၈ရာခိုင်နှုန်း ပိုမိုတင်သွင်းခဲ့ရသည်။

တရုတ်နိုင်ငံအနေဖြင့် ဘရာဇီး စိုက်ပျိုးရေးထုတ်ကုန်များ၏ ၁၁ရာခိုင်နှုန်း၊ နယ်သာလန်နိုင်ငံအနေဖြင့် ၉ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံအနေဖြင့် ၈ဒသမ၇ရာခိုင်နှုန်း အသီးသီး ဝယ်ယူခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံ ဖီလာဒဲလ်ဖီးယားမြို့ မြောက်ပိုင်းရှိ လူနေအဆောက်အအုံတစ်လုံး မီးလောင်မှု ဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်လျက်ရှိသည်ကို ဇန်နဝါရီ ၁၀ရက်က တွေ့ရစဉ်။
(မီးလောင်မှုဖြစ်ပွားခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ထုတ်ဖော်ပြောကြားခြင်း မရှိသော်လည်း ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးတစ်ယောက်မျှ မရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။)
(အင်တာနက်ဓာတ်ပုံ)

သီရိလင်္ကာအရှေ့ပိုင်း ဗုံးခွဲတိုက်ခိုက်မှု ခုနစ်ဦးသေဆုံး

ကိုလံဘို ဇန်နဝါရီ ၁၁

သီရိလင်္ကာနိုင်ငံ အရှေ့ပိုင်းတွင် တမီးလ်ကျားသူပုန်များ ထောင်ထားသည့် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ဇန်နဝါရီ ၉ရက်နံနက်က သီရိလင်္ကာလေတပ်အရာရှိသုံးဦးနှင့် အရပ်သားလေးဦး သေဆုံးသွားကြောင်း ကာကွယ်ရေးဝန်ကြီးဌာန အရာရှိများက ပြောကြားသည်။

ထရီနိုမာလီခရိုင် မွန်ဝေဝါဒေသတွင် ဇန်နဝါရီ၉ရက် နံနက်၉နာရီခွဲခန့်က ၎င်းတို့စီးနင်းလိုက်ပါသည့် ဘတ်စ်ကား မိုင်းဗုံးထိသဖြင့် ၎င်းတို့သေဆုံးကြရခြင်းဖြစ်သည်ဟု စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ နာနာယာကာရာက ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် လေတပ်အရာရှိနှစ်ဦးနှင့် အရပ်သားလေးဦးတို့လည်း ဒဏ်ရာရရှိသွားကြသည် ဆိုသည်။

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းတွင် အစိုးရတပ်များနှင့် ကျားသူပုန်တို့ အပြင်းအထန် တိုက်ပွဲများ ဖြစ်နေကြသည်။ အစိုးရတပ်များက သူပုန်နယ်မြေ အများအပြားကို သိမ်းကာ အပေါ်စီးရနေသည်ဟု သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်တောင်ပိုင်း၌ အသေခံကားဗုံးခွဲ ကန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့်အရပ်သားသုံးဦး သေဆုံး

ကဘူးလ် ဇန်နဝါရီ ၁၁

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန္ဒါဟာပြည်နယ် မေဝန်ခရိုင်အတွင်း ဈေးအနီး၌ ဇန်နဝါရီ ၈ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း နေတိုးအဖွဲ့က ဇန်နဝါရီ၉ရက်တွင် ကြေညာသည်။

တာလီဘန် စစ်သွေးကြွများကမူ အသေခံကားဗုံးခွဲခြင်းမှာ သူတို့လက်ချက်ဖြစ်ကြောင်း ကြေညာသည်။

သေဆုံး

ကန္ဒါဟာပြည်နယ် မေဝန်ခရိုင်၌ ဇန်နဝါရီ၈ရက်က ယင်းသို့ အသေခံကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားကြောင်း၊အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသည့်အပြင် အရပ်သားသုံးဦးလည်း သေဆုံးကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးက ရိုက်တာသို့ပြောကြားသည်။

ဒဏ်ရာရရှိ

ထိုအသေခံကားဗုံးခွဲတိုက်ခိုက်မှုတွင် အရပ်သား၂၁ဦးလည်း ဒဏ်ရာရရှိသွားသည် ဆိုသည်။ **အမ်အင်န်အေ၊ရိုက်တာ**

လျှောင်လှုပ်

ကော်စတာရီကာနိုင်ငံ ဆန်မီဂေါလ် ဒီဆရာပီကျူမြို့၌ ရစ်ချ်တာစကေး ၆ ဒသမ ၁အဆင့်ရှိ အင်အားပြင်း လျှင်လှုပ်သွားပြီးနောက် ပြိုကျပျက်စီးသွားသော စားသောက်ဆိုင်အတွင်းမှ သေဆုံးသူတစ်ဦးအား သယ်ဆောင်နေသည်ကို ဇန်နဝါရီ ၁၀ ရက်က တွေ့ရစဉ်။
(ယင်းငလျင်ကြောင့် သေဆုံးသူ ဦးရေမှာ ၁၆ဦး ရှိသွားခဲ့ပြီဖြစ်သည်။)
(အင်တာနက်ဓာတ်ပုံ)

တရုတ်မိုဘိုင်းလ်ကုမ္ပဏီ သရီးဂျီကွန်ရက်တိုးချဲ့ရေး ဒေါ်လာ ၈ ဒသမ ၆ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်

ပေကျင်း ဇန်နဝါရီ ၁၁

တရုတ်နိုင်ငံ၏ အကြီးဆုံးမိုဘိုင်းလ်ကုမ္ပဏီတစ်ခုဖြစ်သည့် ချိုင်းနားမိုဘိုင်းလ်အနေဖြင့် သရီးဂျီမိုဘိုင်းလ်ဖုန်းများ ကွန်ရက်ချဲ့ထွင်ရေးအတွက် အမေရိကန်ဒေါ်လာ ၈ဒသမ ၆ဘီလီယံကို ၂၀၀၉ခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံ အသုံးပြုသွားမည်ဖြစ်ကြောင်း ကုမ္ပဏီက ဇန်နဝါရီ ၁၀ရက်တွင် သတင်းထုတ်ပြန်သည်။

အသုံးပြုနိုင်

၂၀၀၉ခုနှစ်အတွင်း အခြေစိုက်စခန်း ၆၀၀၀၀ကို တည်ဆောက်သွားမည်ဖြစ်သည်။ တည်ဆောက်မှုလုပ်ငန်းများအားလုံး ပြီးစီးသွားပါက အခြေစိုက်စခန်းပေါင်း ၈၀၀၀၀ရှိလာမည်ဖြစ်ကာ တရုတ်နိုင်ငံ၏ ပြည်နယ်အဆင့် သတ်မှတ်ထားသည့် ဧရိယာ၏ ၇၀ရာခိုင်နှုန်း၌ အသုံးပြုနိုင်တော့မည် ဖြစ်သည်။

မြန်နှုန်းမြင့်

ယခုအသစ်ထပ်မံတိုးချဲ့သည့် မြန်နှုန်းမြင့် သရီးဂျီကွန်ရက်မှသည် သုံးစွဲသူများအနေဖြင့် ရုပ်မြင်သံကြားကြည့်ရှုနိုင်ခြင်း၊ အင်တာနက်မှ ဖိုင်များကို လျင်မြန်စွာ ကူးယူနိုင်ခြင်းအပြင် တစ်ဖက်နှင့်တစ်ဖက် ရုပ်ကော အသံပါကြားမြင်ပြောဆိုနိုင်သည့် ဗီဒီယိုဖုန်းစနစ်ကို အသုံးပြုနိုင်မှာ ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

စပိန်၌ ဆီးနှင်းကျဆင်းမှု ခရီးသည်များ သောင်တင်

မက်ဒရစ် ဇန်နဝါရီ ၁၁

စပိန်နိုင်ငံ မက်ဒရစ်မြို့ ကာရာဂျက် လေဆိပ်တွင် နှင်းများ ထူထပ်စွာကျသည့်အတွက် လေယာဉ်ပြေးလမ်းများ ပိတ်ကာ၊ လေယာဉ်ခရီးစဉ်များစွာ ဖျက်သိမ်းထားသဖြင့် ဇန်နဝါရီ၁၀ရက်က လေဆိပ်၌ ထောင်ပေါင်းများစွာသော ခရီးသည်များ သောင်တင်လျက်ရှိသည်။

လေယာဉ်ပြေးလမ်း လေးခုအနက် နှစ်ခုသာ အသုံးပြုနိုင်သည့်အတွက် ပုံမှန်အားဖြင့် ခရီးစဉ် ၁၂၀၀အတက်အဆင်း ရှိသော်လည်း စနေနေ့က လေယာဉ် အတက်အဆင်း ၉၈၅ခန့်ရှိမည်ဟုခန့်မှန်းရသည်။ အမ်အင်န်အေ၊ရိုက်တာ

အသေခံ ဗုံးပေါက်ကွဲ

ဇန်နဝါရီ ၉ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနီး အသေခံဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ထိခိုက် ဒဏ်ရာရရှိသွားကြသူများအား တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အပေါ့ပါးဆုံး ပီစီနုတ်ဘွတ် တီထွင်

ကမ္ဘာ့ပေါ်တွင် အပေါ့ပါးဆုံး ပီစီနုတ်ဘွတ် အမျိုးအစားတစ်မျိုးကို ဂျပန်သုတေသနပညာရှင်များက တီထွင် ထုတ်လုပ်လိုက်ပြီဖြစ်သည်။

အဆိုပါ ပီစီနုတ်ဘွတ်လေးသည် အရွယ်အစားအားဖြင့် ရှစ်လက်မခန့်သာရှိပြီး အလေးချိန်မှာ ၀ဒသမ ၆၃၄ ဂရမ် (၁ ဒသမ ၄ ပေါင်)ခန့်သာရှိရာ ကမ္ဘာပေါ်တွင် အပေါ့ပါးဆုံး ပီစီနုတ်ဘွတ်လေး တစ်ခုဖြစ်ကြောင်း သိရသည်။

ထို့အပြင် ယခုထုတ်လုပ်လိုက်သည့် နုတ်ဘွတ်မှာ မိုဘိုင်းလ်ဖုန်းတစ်လုံး၏ ထုထည်ထက် များစွာ ပေါ့ပါးပြီးပါးလွှာကြောင်း၊ သယ်ဆောင်ရသည်မှာ အလွန်လွယ်ကူပြီး အသုံးဝင်မှုအပိုင်းမှာ ထိရောက်မှု ရှိကြောင်း သိရသည်။

ဆိုနီနုတ်ဘွတ်များကို ကမ္ဘာ့ဈေးကွက်၌ ဈေးနှုန်းချိုသာစွာ ရောင်းချပေးမည်ဖြစ်ရာ တစ်ကမ္ဘာလုံးသို့ ယခုနှစ်မှစတင်ကာ ဖြန့်ဝေပေးထားမည်ဖြစ်ကြောင်း၊ လောလောဆယ်၌ နုတ်ဘွတ်တစ်လုံးကို အမေရိကန် ဒေါ်လာ ၉၀၀ ဖြင့် ရောင်းချနေကြောင်း သိရသည်။ **(အင်တာနက်)**

နည်းပညာသိပ္ပံ

အင်တာနက်ကျန်းမာရေး

စပျစ်သီးအစေ့စားလျှင် သွေးကင်ဆာဖြစ်ပွားမှု လျော့ကျနိုင်ဟုဆို

စပျစ်သီးအစေ့သည် သွေးနှင့် ပတ်သက်ပြီး ဖြစ်ပွားသည့် ကင်ဆာများ မဖြစ်ပွားစေရန် ကာကွယ်နိုင်စွမ်းရှိကြောင်း၊ ထို့အပြင် ကင်ဆာဖြစ်စေနိုင်သည့် တစ်သျှူးများကို ဖျက်ဆီးပစ်နိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ဇန်နဝါရီ ၁ရက်၌ ပြောကြားသည်။

တိုက်ဖျက်နိုင်

စပျစ်သီးအစေ့သည် လူကီးမီးယား သို့မဟုတ် သွေးကင်ဆာဖြစ်ပွားစေသည့် ဆဲလ်များကို တိုက်ဖျက်နိုင်စွမ်းရှိကြောင်း သုတေသနပြုချက်၌ ဖော်ပြထားသည်။

ယခင်သုတေသနပြုချက်များက စပျစ်သီးအစေ့သည် အရေပြား၊ ရင်သား၊ အူမကြီး၊ အဆုတ်၊ အစာအိမ်နှင့် ဆီးကျိတ်ကင်ဆာများဖြစ်ပွားမှု လျော့ကျသက်သာစေကြောင်း သိရသည်။

လျော့ကျစေ

ထို့အပြင် စပျစ်သီးအစေ့သည် ရင်သားကင်ဆာဖြစ်ပွားစေသည့် အဖုအကျိတ်များကို ချေဖျက်နိုင်ပြီး ဖြစ်ပွားနေသည့် ရင်သားကင်ဆာ အဖုအကျိတ်များ၏ အရွယ်အစားကိုလည်း သေးငယ်သွားစေကြောင်း၊ ထို့ကြောင့် စပျစ်သီးစားလျှင် အစေ့များပါ စားသုံးပေးပါက သွေးနှင့်ပတ်သက်သော ကင်ဆာဖြစ်ပွားမှုကို လျော့ကျစေကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

စိတ်ချပါ....

ဘ၀အမောပြေ

ကုမ္ပဏီတစ်ခုတွင် အလုပ်စတင်ဝင်ရောက်သည့် ဝန်ထမ်းတစ်ဦးအား ကုမ္ပဏီပိုင်ရှင်သူဌေးက ခေါ်ယူတွေ့ဆုံပြီး စကားပြောလေသည်။

သူဌေး ။ ။ အမည်က ဂျွန်စမစ်တဲ့လား။
ဝန်ထမ်းသစ် ။ ။ ဟုတ်ပါတယ်။
သူဌေး ။ ။ လူငယ်ဆိုပေမယ့် ဆံပင်ကရှည်လွန်းနေတယ်။
ဝန်ထမ်းသစ် ။ ။ ဟုတ်ကဲ့ ဆံပင်ရှည်ထားနေကျမို့ပါ။
သူဌေး ။ ။ ဒီကုမ္ပဏီမှာ အမျိုးသားတွေ တစ်ဦးမှဆံပင်ရှည်မထားကြဘူး။
ဝန်ထမ်းသစ် ။ ။ ဟုတ်ကဲ့ သတိပြုမိပါတယ်။
သူဌေး ။ ။ အေး၊ ဒါဆိုရင် ဂျွန်စမစ် ဘာလုပ်သင့်တယ်ဆိုတာ သိပြီနော်။
ဝန်ထမ်းသစ် ။ ။ ဟုတ်ကဲ့၊ သဘောပေါက်ပါပြီ၊ ဒီကုမ္ပဏီက အမျိုးသားတွေကို ကျွန်တော့်လို ဆံပင်ရှည်ထားကြဖို့ လိုက်ပြီး ဆော်ဩပေးပါမယ်။
သူဌေး ။ ။ **'ဘာကွ'**

နိုင်ငံတကာ သတင်း စုစည်းဘာသာ ပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဂျပန်နိုင်ငံ၏ သမိုင်းကြောင်းကို စေ့ငုခဲ့ပါလျှင်....

သတင်းအက်ဆေး

ဂျပန်နိုင်ငံသည် အာရှတိုက် အရှေ့ဖျားတွင် တည်ရှိသည်။ ကမ္ဘာပေါ်တွင် ဒုတိယ စီးပွားရေးအင်အား အကြီးဆုံး နိုင်ငံဖြစ်သည်။ ၂၀ရာစု ဒုတိယပိုင်းအတွင်း အံ့ဩဖွယ်ရာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကြောင့် ကမ္ဘာ့ ကျန်နိုင်ငံများက အားကျစရာလည်း ဖြစ်ရသည်။ နိုင်ငံတကာ အသိုက်အဝန်းအတွင်း ကြီးမားသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အဓိက အလှူရှင်နိုင်ငံကြီး တစ်နိုင်ငံဖြစ်သည်။ ကမ္ဘာ့အရင်းအနှီးနှင့် ချေးငွေရရှိရာ ဌာနတစ်ခုလည်းဖြစ်သည်။

နေထိုင်

ဂျပန်ပြည်သူအများစုသည် မြို့ပြတွင် နေထိုင်ကြသည်။ ပြည်သူလေးပုံ သုံးပုံသည် ဂျပန်နိုင်ငံကျွန်းလေးကျွန်း၏ ကမ်းရိုးတန်းအစွန်အဖျား၌ ပြန့်ကျဲနေသည့် မြို့များတွင် နေထိုင်ကြသည်။

နိုင်ငံတော်အကြီးအကဲမှာ ဂျပန်ဧကရာဇ် အကီဟီတိုဖြစ်သည်။ ဝန်ကြီးချုပ်မှာမူ ၂၀၀၈ခုနှစ် စက်တင်ဘာလတွင် ရာထူးမှ နုတ်ထွက်သွားသော ယာဆူအိုဖူကူဒါနေရာ၌ အစားထိုးသည့် နိုင်ငံခြားရေးဝန်ကြီးဟောင်း တာရိုအာဆိုဖြစ်ပါသည်။

ဤနိုင်ငံ၏ သမိုင်းကို ပြန်ကြည့်လျှင် ၁၈၉၄ခုနှစ်တွင် တရုတ်နိုင်ငံနှင့် စစ်ဖြစ်သည်။ ကိုးလအတွင်း ဂျပန်တပ်များအနိုင်ရသည်။ ၁၈၉၅ခုနှစ်တွင် တရုတ်က တရုတ်တိုင်ပေကို ဂျပန်တို့လက်သို့ အပ်လိုက်ရသည်။ ၁၉၀၄ခုနှစ်တွင် ရုရှားနှင့် စစ်ဖြစ်ပြန်သည်။ ဂျပန်သည်ပင်လျှင် ၁၉၀၅ ခုနှစ်တွင် အနိုင်ရသည်။ ၁၉၁၀ပြည့်နှစ်တွင် သုံးနှစ်ကြာ တိုက်ပွဲဖြစ်ပွားပြီးနောက် ကိုရီးယားကို သိမ်းယူလိုက်သည်။ ဂျပန်နိုင်ငံသည် ယခုအခါ ကမ္ဘာ့အင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်သည်။

စစ်ဖြစ်

၁၉၁၄ခုနှစ် ပထမကမ္ဘာစစ်ကြီးတွင် ဤနိုင်ငံက ဗြိတိန်နှင့် မဟာမိတ်တို့ဘက်က ပါဝင်သည်။ ၁၉၁၉ခုနှစ် ဗာဆိုင်းစာချုပ်အရ ဤနိုင်ငံက ပစိဖိတ်မှ နယ်မြေအချို့ ရလိုက်သည်။ ၁၉၂၃ခုနှစ်တွင် တိုကျိုမြေငလျင်ကြောင့် လူတစ်သိန်းကျော် သေဆုံးသည်။

၁၉၂၀ပြည့်လွန်နှစ်များတွင် အစွန်းရောက် မျိုးချစ်ဝါဒက စတင်အခြေတည်လာသည်။ ၁၉၃၁ခုနှစ် မန်ကျူးရီးယားကို ကျူးကျော်ပြီး ရုပ်သေးအစိုးရတစ်ရပ်ကို တင်လိုက်သည်။ ၁၉၃၆ခုနှစ်တွင် ကွန်မြူနစ်ဆန့်ကျင်ရေးစာချုပ်ကို ဤနိုင်ငံက နာဇီဂျာမနီနှင့် ချုပ်ဆိုသည်။ ၁၉၃၇ခုနှစ်တွင် အီတလီနှင့် အလားတူ သဘောတူစာချုပ်မျိုးကို ချုပ်ဆိုသည်။ ၁၉၃၇ခုနှစ်တွင် တရုတ်နှင့်စစ်ဖြစ်သည်။

၁၉၃၉ခုနှစ်တွင် ဥရောပ၌ ဒုတိယကမ္ဘာစစ်ကြီး စတင်လိုက်ပြီးနောက် ၁၉၄၀ ပြည့်နှစ်တွင် နာဇီဂျာမနီလက်အောက်သို့ ပြင်သစ်ကျသွားသည့်အခါ ဂျပန်နိုင်ငံက ပြင်သစ် အင်ဒိုချိုင်းနားကို သိမ်းပိုက်ရန် စီစဉ်သည်။ ၁၉၄၁ခုနှစ်တွင် ပုလဲဆိပ်ကမ်းရှိ အမေရိကန်၊ ပစိဖိတ်ရေတပ်ကို ဂျပန်က ရုတ်တရက် ဗုံးကြဲတိုက်ခိုက်သည်။ ဟာဝိုင်ယီကျွန်း၊ ပုလဲဆိပ်ကမ်းမှ သင်္ဘော ၁၂စင်းမြုပ်ပြီး ကိုးစင်းပျက်စီးသွားသည်။ လူ ၂၅၀၀နီးပါး သေဆုံးသည်။ နောက်တစ်ရက်တွင် အမေရိကန်နှင့်မဟာမိတ် များက ဂျပန်ကို စစ်ကြေညာသည်။ ၁၉၄၂ခုနှစ်တွင် ဤနိုင်ငံက ဖိလစ်ပိုင်၊ ဒတ်ချ်၊ အရှေ့အိန္ဒိယ၊ မြန်မာနိုင်ငံနှင့်မလေးရှား အပါအဝင် နိုင်ငံအများအပြားကို ဆက်တိုက် သိမ်းလိုက်သည်။

လက်နက်ချ

၁၉၄၅ခုနှစ်တွင် အမေရိကန်က ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ကို ဩဂုတ် ၆ရက်တွင် လည်းကောင်း၊ နာဂါစကီမြို့ကို ဩဂုတ် ၉ရက်တွင်လည်းကောင်း အဏုမြူဗုံး တစ်လုံးစီ ကြဲချလိုက်သည့်အတွက် ဂျပန်တို့ လက်နက်ချခဲ့သည်။

ကျင်းပ

၁၉၅၅ခုနှစ်တွင် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ(အယ်ဒီပီ)ကို ထူထောင်သည်။ ၁၉၉၀ပြည့်လွန်နှစ်များ အစောပိုင်းမှတစ်ပါး ဤပါတီသည် ၂၀ရာစု လက်ကျန်နှစ်များ သာမက ၂၁ရာစုအတွင်းသို့တိုင် အာဏာရပါတီဖြစ်လာသည်။ ၁၉၅၆ခုနှစ်တွင် ကုလသမဂ္ဂဝင် နိုင်ငံဖြစ်လာသည်။ ၁၉၆၄ခုနှစ်တွင် အိုလံပစ်အားကစားပွဲတော်ကို တိုကျို မြို့၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

အငြင်းပွား

၁၉၈၉ခုနှစ်တွင် ဂျပန်ဧကရာဇ် ဟီရိုဟီတိုနတ်ရွာစံသဖြင့် အကီဟီတို ဂျပန် ထီးနန်းဆက်ခံသည်။ ၁၉၉၈ခုနှစ်တွင် အယ်ဒီပီပါတီမှ အိုဘူချီဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၁ခုနှစ် ဧပြီလတွင် အယ်ဒီပီ ပါတီခေါင်းဆောင်သစ် ကိုအိဇုမိဝန်ကြီးချုပ်ဖြစ်လာသည်။

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလတွင် အီရတ်နိုင်ငံသို့ ထောက်ပို့ ဂျပန်တပ်ဖွဲ့ဝင်များ ဖြန့်ကြက်လိုက်သည့်အခါ ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် တိုက်ခိုက်ရေးဇုန်အတွင်း ပထမဆုံး ဂျပန်တပ်ဖွဲ့ဝင်များကို စေလွှတ်ခြင်းဖြစ်သည်။ ထိုနှစ် စက်တင်ဘာလတွင် ဤနိုင်ငံက ဘရာဇီး၊ ဂျာမနီ၊ အိန္ဒိယတို့နှင့်အတူ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်အဖြစ် ရရှိရေး ဆောင်ရွက်သည်။ ထိုနှစ် ဒီဇင်ဘာလတွင် စစ်အေး

တိုက်ပွဲကာလအတွင်း မြောက်ကိုရီးယားက ပြန်ပေးဆွဲသွားသူ ဂျပန်နိုင်ငံသားများနှင့် စပ်လျဉ်း၍ အငြင်းပွားသည်။

၂၀၀၅ခုနှစ် စက်တင်ဘာလ ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ကိုအိဇုမိ မဲအပြတ် အသတ် အနိုင်ရသည်။ ၂၀၀၆ခုနှစ် စက်တင်ဘာလတွင် ရှင်ဇိုအာဘေးက ဝန်ကြီးချုပ်အဖြစ် ရာထူးဆက်ခံသည်။ ၂၀၀၇ခုနှစ် စက်တင်ဘာလတွင် ရှင်ဇိုအာဘေး ရာထူးမှနုတ်ထွက်သောအခါ ယာဆူအိုဖူကူဒါ ဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၈ခုနှစ် စက်တင်ဘာလတွင် ဖူကူဒါ ရာထူးမှထွက်လိုက်သောအခါ တာရိုအာဆို ဝန်ကြီးချုပ် အသစ် ဖြစ်လာခဲ့သည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

ဂျပန်နိုင်ငံသည် အာရှတိုက် အရှေ့ဖျားတွင် တည်ရှိ၊ ကမ္ဘာပေါ်တွင် ဒုတိယ စီးပွားရေး အင်အားအကြီးဆုံး နိုင်ငံဖြစ်၊ ၂၀ရာစု ဒုတိယပိုင်း အတွင်း အံ့ဩဖွယ်ရာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကြောင့် ကမ္ဘာ့ ကျန်နိုင်ငံများက အားကျစရာလည်း ဖြစ်ရ၊ နိုင်ငံတကာ အသိုက်အဝန်း အတွင်း ကြီးမားသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိ၊ အဓိက အလှူရှင် နိုင်ငံကြီး တစ်နိုင်ငံဖြစ်။

မဟာဓာတ်အားလိုင်းတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ

အမှတ်(၂)လျှပ်စစ်ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ယမန်နေ့ နံနက် ၈နာရီခွဲက တာဝန်ရှိသူများလိုက်ပါလျက် သာယာကုန်း-ကမာနတ် 230 KV မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၃၄)နှင့် (၃၅)လုပ်ငန်းခွင်သို့ရောက်ရှိပြီး တာဝါတိုင်တပ်ဆင်ခြင်း၊ ဘိုးနပ်ကျပ်ခြင်းနှင့် ဘိုးနပ်ဖြတ်ခြင်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးတို့ကို မှာကြားသည်။

စီမံကိန်း

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဒိုက်ဦးမြို့ အောင်စိုးမိုးရွာအနီး စီမံကိန်းလုပ်ငန်းခွင်အတွင်း သိုလှောင်စုပုံထားရှိသော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောက်ရှိမှု၊ လုပ်ငန်းခွင်သို့ ပြန်လည်ထုတ်ပေးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

တိုးချဲ့တပ်ဆင်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကမာနတ် ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ခွဲရုံရှိ Control Panel Box များမှ ဓာတ်အား ဝင်/ထွက်မှုနှင့် ဖြန့်ဖြူးပေးမှု အခြေအနေ၊ Switch Yard အတွင်း၌ ထရန်စဖော်မာဝန်အား တိုးချဲ့တပ်ဆင်နိုင်မည့် အခြေအနေများ၊ ဓာတ်အားလိုင်းများ ချိတ်ဆက်သွယ်တန်းမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ကမာနတ်-သန်လျင် 230 KV မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၈၃) နှင့် တာဝါတိုင်အမှတ်(၂၁၄) လုပ်ငန်းခွင်နေရာများသို့ ရောက်ရှိပြီး တာဝါတိုင်များ တပ်ဆင်ပြီးစီးမှုအခြေအနေ၊ သုံးခွမြို့ သိုက်တူးကန်ကျေးရွာအနီးရှိ 230 KV မဟာဓာတ်အားလိုင်း လမ်းကျော်တာဝါတိုင်အမှတ်(၂၂၉)နှင့် (၂၃၇) ကြား တိုင်ဆင်ခြင်း၊ ကြိုးဆွဲခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ အမျိုးအစား မှန်ကန် ကောင်းမွန်စေရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးတို့ကို မှာကြားသည်။

ဓာတ်အားပို့လွှတ်ရေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်ပင်မ ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း)စီမံကိန်းမန်နေဂျာ အင်ဂျင်နီယာမှူးကြီး ဦးစောဝင်းမောင်က ကမာနတ်-သန်လျင် 230KV မဟာဓာတ်အားလိုင်း ၆၁မိုင်နှင့် သန်လျင်-သာကေတ 230KV မဟာဓာတ်အားလိုင်း ၇ ဒသမ ၇မိုင် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ စီမံကိန်းညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး

ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက စီမံကိန်းလုပ်ငန်းများအား မိုးမကျမီ အချိန်မီပြီးစီးရန်အတွက် စက်ယန္တရားများ၊ ကျွမ်းကျင်ဝန်ထမ်းများဖြင့် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်သွားကြရေး၊ တာဝန်ယူတည်ဆောက်လျက်ရှိသော ကုမ္ပဏီများကလည်း တည်ဆောက်ရေးလုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး၊ တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ အရည်အသွေးပြည့်ဝပြီး အမျိုးအစားမှန်ကန်ရေးနှင့် လုပ်ငန်းခွင် အန္တရာယ် ကင်းရှင်းစေရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ခွဲရုံ Switch Yard အတွင်း ဓာတ်အားလိုင်း ချိတ်ဆက်သွယ်တန်းထားရှိမှု၊ ထရန်စဖော်မာများ အခြေအနေနှင့် အသစ်တိုးချဲ့ တည်ဆောက်လျက်ရှိသော Switch Bay အုတ်မြစ်ချလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ ဓာတ်အားခွဲရုံမှူး အင်ဂျင်နီယာမှူးကြီး ဦးမြတ်ကျော်က လိုက်လံရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြစ်ကို ဖြတ်ကျော်တည်ဆောက်လျက်ရှိသည့် 230KV သာကေတ-သန်လျင် မဟာဓာတ်အားလိုင်း တာဝါတိုင်များ တည်ဆောက်ပြီးစီးမှု အခြေအနေကို သန်လျင်တံတားပေါ်မှ ကြည့်ရှုစစ်ဆေးပြီး မြစ်ကျော် တာဝါတိုင်များ တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲအောင် စနစ်တကျ မွမ်းမံဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တောင်ငူမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တောင်ငူနှင့်အုတ်တွင်းမြို့ရှိ ဘဏ်နှင့်အခွန်ရုံးများ

လုပ်ငန်းများ မှန်ကန်မြန်ဆန်စွာ အလေးထားဆောင်ရွက်ရေး

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မှာကြား

ရန်ကုန် ဇန်နဝါရီ ၁၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ လိုက်ပါလျက် ဇန်နဝါရီ ၉ရက် နံနက်ပိုင်းက ပဲခူးတိုင်း တောင်ငူမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်သို့ ရောက်ရှိစစ်ဆေးရာ တိုင်းမန်နေဂျာ၊ ခရိုင်မန်နေဂျာနှင့် တာဝန်ရှိသူများက ငွေစုဘဏ်လုပ်ငန်း၊ ဘဏ်ငွေလွှဲလုပ်ငန်း၊ ငွေပေးအမိန့်လုပ်ငန်းများအပါအဝင် ဘဏ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဘဏ်လုပ်ငန်းဆောင်ရွက်မှုအားလုံး မှန်ကန်မြန်ဆန်စွာရှိရေး၊ ဆက်ဆံရေးပြေပြစ်ချိုသာရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အလေးထား

ဆက်လက်၍ ဝန်ကြီးသည် တောင်ငူမြို့ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ခရိုင်ဦးစီးဌာနမှူးရုံးနှင့် မြို့နယ် ဦးစီးဌာနမှူးရုံးတို့တွင် အခွန်စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ထားမှုများ ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ်၊ ခရိုင် ဦးစီးမှူးနှင့် မြို့နယ် ဦးစီးမှူးတို့က ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဝန်ထမ်းအဆင့်အားလုံး လျာထားချက်ပြည့်မီစေရေးအတွက် အလေးထား ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

မြေနေရာ

ထို့နောက် ဝန်ကြီးသည် ပဲခူးတိုင်း အုတ်တွင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် ဘဏ်အဆောက်အအုံသစ် ဆောက်လုပ်ရန် လျာထားသည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး အထွေထွေမန်နေဂျာ၊ တိုင်းမန်နေဂျာနှင့် ဘဏ်ခွဲမန်နေဂျာတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် အုတ်တွင်းမြို့နယ်ရှိ ပြည်တွင်းအခွန်များ ဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိစစ်ဆေးရာ မြို့နယ် အခွန်ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးကလိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုံရွာဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar PGA တို့က ကြီးမှူး၍ မုံရွာဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၁၉ရက်မှ ၂၂ရက်အထိ စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ မုံရွာဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲတွင် Professional အဆင့်နှင့် အပျော်တမ်းအဆင့် (Handicap O-12) အဆင့်ရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသည်။

အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဥပဒေသအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် Hone-In-One ဆုရရှိသူများအား ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်မည် ဖြစ်သည်။

အမည်စာရင်းပေးသွင်း

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် ဇန်နဝါရီ ၁၇ရက် မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ ဖုန်း-၀၇၁-၂၁၅၅၀၊ ၀၇၁-၂၁၅၅၃၊ ၀၉-၂၀-၃၇၆၇၁၊ ၀၉-၅၀-၁၇၀၄၉ နှင့် မုံရွာဂေါက်ကလပ်တို့၌ အမည်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ပမှ ဝယ်ယူတင်သွင်းသော စက်ခေါင်းအသစ်နှင့် လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းသုံး စက်ယန္တရားသစ်များ

ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် ယမန်နေ့ နံနက် ၇နာရီက ရန်ကုန်မြို့ ရန်ကုန်ဘူတာကြီး၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့သော စက်ခေါင်းအသစ်များ(အောက်ယာပုံ)**နှင့် အိန္ဒိယသမ္မတနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့သော လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းသုံး စက်ယန္တရားသစ်ကြီးများကို ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းအား မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ (စက်မှု/လျှပ်စစ်) ဦးထွန်းဦးက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့သော စက်ခေါင်းအသစ် ၂၀နှင့် စပ်လျဉ်း၍ ခေတ်မီစက်ကိရိယာများ တပ်ဆင်ထားမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Y.M.E.C ကုမ္ပဏီမှ တာဝန်ရှိသူများက စက်ခေါင်းသစ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ပြုပြင်ဆောင်ရွက်

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် စက်ခေါင်းသစ်ပေါ်သို့တက်ရောက်၍ ကြည့်ရှုစစ်ဆေးကြရာ ဒုတိယအထွေထွေမန်နေဂျာ (စက်မှု/လျှပ်စစ်) ဦးဝင်းဦးက စက်ခေါင်းအတွင်းရှိ ကွန်ပျူတာဖြင့် အင်ဂျင်နှင့် ဂျင်နရေတာ အပါအဝင် စက်မှုနှင့် လျှပ်စစ်အစိတ်အပိုင်း အသီးသီး၏ အခြေအနေကို ကြည့်ရှုနိုင်ပုံ၊ ချွတ်ယွင်းချက် ဖြစ်ပေါ်သည်နှင့် မည်သို့ ပြုပြင်ဆောင်ရွက်ရမည်တို့ကို ဖော်ပြသည့် စနစ်အကြောင်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့အား လက်ထောက်အထွေထွေမန်နေဂျာ (မြို့ပြ) ဦးကျော်မိုးဇော်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးမင်းဆွေတို့က အိန္ဒိယသမ္မတနိုင်ငံမှ မှာယူတင်သွင်းခဲ့သော ကွန်ပျူတာစနစ် အသုံးပြုသည့် အလိုအလျောက် လမ်းညှိလမ်းပြုပြင်သည့် စက်ယန္တရား၊ ကျောက်ဖြည့်၊ ကျောက်ညှိ ပုံသွင်းဆောင်ရွက်သည့် စက်ယန္တရားနှင့် ဝန်ချီစက်အငယ်စားပါ သံလမ်းပြုပြင် ထိန်းသိမ်းရေးအဖွဲ့ လိုက်ပါနိုင်သည့် သံလမ်းပြေးယာဉ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် စက်ယန္တရားကြီးများကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

စနစ်တကျ

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းသုံး စက်ယန္တရားကြီးများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက စက်ခေါင်းနှင့်စက်ယန္တရားများကို လုပ်ငန်းခွင်၌ အကျိုးရှိထိရောက်စွာ သုံးစွဲကြရန်၊ အဆိုပါ စက်ယန္တရားများ အသုံးပြုပုံ နည်းစနစ်များနှင့် ပြုပြင်ထိန်းသိမ်းမှုစနစ်များတွင် စနစ်တကျရှိစေရေးတို့အတွက် လေ့ကျင့်သင်တန်းပေးရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် မြန်မာ့မီးရထားအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့မှ ထုတ်လုပ်သော ဒီဇယ်လျှပ်စစ်စက်ခေါင်း ၉၆ခေါင်းကို မှာယူတင်သွင်းခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်ခေါင်း ၅၅ခေါင်း ပါဝင်သည်။

ထပ်မံရောက်ရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒါလီယံ စက်ခေါင်းစက်ရုံက ထုတ်လုပ်သော မြင်းကောင်ရေအား ၂၀၀၀ ရှိ ဒီဇယ် လျှပ်စစ်စက်ခေါင်း ၂၀ကို Y.M.E.C ကုမ္ပဏီထံမှ ဝယ်ယူခဲ့ရာ ယင်းအနက်မှ ပထမသုတ်အဖြစ် ၂၀၀၈ခုနှစ် အောက်တိုဘာ ၁၇ရက်တွင် ရှစ်ခေါင်း ရောက်ရှိခဲ့ပြီး ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၈ရက်တွင် ဒုတိယသုတ်အဖြစ် ၁၂ခေါင်းထပ်မံရောက်ရှိလာခြင်းဖြစ်သည်။

အဆိုပါ စက်ခေါင်းသစ် ၂၀ အနက်မှ ၁၄ခေါင်းကိုရန်ကုန်-နေပြည်တော်၊ရန်ကုန်-မန္တလေးနှင့် ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်းများတွင် လက်ရှိစက်ခေါင်းများ နေရာတွင် အစားထိုးပြေးဆွဲသွားမည်ဖြစ်ပြီး ကျန်စက်ခေါင်းသစ် ခြောက်ခေါင်းကို မန္တလေး-လားရှိုး ရထားလမ်းပိုင်းတွင် အသုံးပြုသွားမည်ဖြစ်သည်။

စက်ယန္တရား

အိန္ဒိယသမ္မတနိုင်ငံမှ မှာယူတင်သွင်းခဲ့သော ကွန်ပျူတာစနစ် အသုံးပြုသည့် အလိုအလျောက် လမ်းညှိလမ်းပြုပြင်သည့် စက်ယန္တရား (Automatic Levelling, Lining & Tamping Machine) ကျောက်ဖြည့်၊ ကျောက်ညှိပုံသွင်း ဆောင်ရွက်သည့် စက်ယန္တရား (Profile Ballast Regulator)နှင့် ဝန်ချီစက် အငယ်စားပါ သံလမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့ လိုက်ပါနိုင်သည့် သံလမ်းပြေးယာဉ် (Rail Gang Car With Crane) တို့ကို မြန်မာ့မီးရထား၏ ရထားလမ်းသစ်များ အချိန်မီ ဖောက်လုပ် ပြီးစီးနိုင်ရေးနှင့် မြန်မာ့မီးရထား လမ်းပိုင်းအသီးသီးကို အဆင့်မြင့် ပြုပြင်ထိန်းသိမ်းနိုင်ရေးတို့အတွက် အသုံးပြုသွားမည် ဖြစ်သည်။

အဆင့်မီ

နိုင်ငံတော်အစိုးရက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံမှ ဆောင်ရွက်လျက်ရှိရာ ရထားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာ ဖြစ်ထွန်းစေရေးအတွက် မီးရထားလမ်းများကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးလျက်ရှိရာတွင် အဆိုပါ လမ်းပိုင်းများ၌ အဆင့်မီစက်ခေါင်းများဖြင့် ပြေးဆွဲနိုင်ရေး၊ လမ်းပိုင်းများ ရေရှည်ကြံ့ခိုင်ကောင်းမွန်စေရေးတို့အတွက် ကွန်ကရစ်ဇလီဖားများ တိုးချဲ့ထုတ်လုပ်ခြင်း၊ ပြည်ပမှ စက်ခေါင်းအသစ်များနှင့် လမ်းပြုပြင်ထိန်းသိမ်းရေးစက်ယန္တရားကြီးများကိုမှာယူတင်သွင်းခဲ့ခြင်းနှင့် ပြည်သူ့အကျိုးစီးပွားကို ဖြစ်ထွန်းစေမည့် ကိစ္စရပ်များ စသည်တို့တွင် ဘဏ္ဍာငွေများစွာ အကုန်အကျခံကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

12-1 (06).pmd 1 1/12/2009, 2:17 AM

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၉) ဖွင့်ပွဲ

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်

ငါးနှစ်အောက်ကလေးများအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသော ရန်ကုန်တိုင်း အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၉)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရန်ကုန်တိုင်းကျန်းမာရေး ကော်မတီအတွင်းရေးမှူး တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ရန်ကုန် တိုင်း အမျိုးသားကာကွယ်ဆေးတိုက်နေ့ များ (၂၀၀၉) ကျင်းပဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လက်ဆောင်ပေးအပ်

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်**(အပေါ်ပုံ)**နှင့် ရန်ကုန်တိုင်း မိခင် နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်တို့က ရန်ကုန် တိုင်း အမျိုးသားကာကွယ်ဆေးတိုက်နေ့ များ(၂၀၀၉) ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ငါးနှစ်အောက်ကလေးငယ်များအား ပိုလီယို ရောဂါ ကာကွယ်ဆေးများကို တိုက်ကျွေး ကြပြီး အမှတ်တရ လက်ဆောင်များကို ပေးအပ်ကြသည်။

ယင်းနောက် ဌာနဆိုင်ရာအကြီးအကဲ များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိ သူများက ငါးနှစ်အောက် ကလေးငယ်များ အား ပိုလီယိုရောဂါကာကွယ်ဆေးများကို တိုက်ကျွေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကာကွယ်ဆေးများ

ရန်ကုန်တိုင်း အမျိုးသားကာကွယ် ဆေးတိုက်နေ့များ(၂၀၀၉)တွင် ရန်ကုန် တိုင်းအတွင်းရှိ ငါးနှစ်အောက် ကလေးငယ် စုစုပေါင်း ၆၈၅၀၀၀ခန့်တို့အား စုရပ် ပေါင်း ၅၅၀၀ကျော် ဖွင့်လှစ်၍ အမျိုးသား ကာကွယ်ဆေးတိုက် အဖွဲ့ပေါင်း ၂၁၀၅ဖွဲ့ တို့က ဇန်နဝါရီ ၁၀ရက်မှ ၁၂ရက်အထိ ပိုလီယိုရောဂါ ကာကွယ်ဆေးများကို တိုက်ကျွေးသွားကြမည်ဖြစ်ကြောင်း သိရ သည်။ **(သတင်းစဉ်)**

(၆၂) နှစ်မြောက် ပြည်ထောင်စုနေ့

အမျိုးသားရေး ဦးတည်ချက် (၅) ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး နှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက် ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်း ကာကွယ်တားဆီးရေး။

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြု ခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသား အားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ကျောက်ပန်းတောင်းမြို့

ရွှေတန်ဆာလမ်း ကတ္တရာလမ်းသစ်ဖွင့်

ငွေကျပ် ၁၆သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်

ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၁

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့ပြလမ်းတံတား တည်ဆောက်ရေးလုပ်ငန်းမှ ဆောင်ရွက်သော ရွှေတန်ဆာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ရက် နံနက် ၉နာရီက အဆိုပါ မုခ်ဦးရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုး၊ မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

အကုန်အကျခံ

အဆိုပါ ကတ္တရာလမ်းမှာ အရှည်ပေ ၂၂၇၀၊ အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၆၀၅၇၀၀၀နှင့် ပြည်သူများ ထည့်ဝင်ငွေကျပ် ၅၄၃၀၀၀ စုစုပေါင်း ငွေကျပ် ၁၆၆၀၀၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စာပေလောက(၅) စာအုပ်အရောင်းဆိုင် နေရာပြောင်းရွှေ့ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၁

စာပေလောက(၅) စာအုပ်အရောင်း ဆိုင်ကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်း (၃၉ လမ်းနှင့် ဆိပ်ကမ်း သာလမ်းကြား)ရှိ အမှတ် ၃၅၄သို့ ပြောင်း ရွှေ့ ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။ အဆိုပါ စာအုပ်အရောင်းဆိုင်ကို ၂၀၀၀ ပြည့်နှစ် တွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ အမှတ် ၉၆/၉၈ တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ဆူးလေဘုရားလမ်းရှိ အမှတ် ၂၂၂/၂၂၈ သို့ ပြောင်းရွှေ့ခဲ့ကာ ယခု မဟာဗန္ဓုလလမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ် ခြင်းဖြစ်သည်။ **(ယာပုံ)**

အလွယ်တကူ

စာအုပ်အရောင်းဆိုင်တွင် စာဖတ် သူများ စာအုပ်အစုံအလင်ကို တစ်နေရာ တည်းတွင် စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူ နိုင်ရန်၊ ကျယ်ဝန်းသောဆိုင်ခန်းအတွင်း၌ သက်ဆိုင်ရာ ဘာသာရပ်အလိုက် စနစ် တကျ ခင်းကျင်းပြသထားသည့် စာအုပ်မျိုး စုံကို အလွယ်တကူ ရှာဖွေဝယ်ယူနိုင်စေ ရန်အတွက် ကျွမ်းကျင်ဝန်ထမ်းများဖြင့် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရှိ ရသည်။

ထို့အပြင် ဝယ်ယူသူများ ငွေပေးချေမှု လျင်မြန်လွယ်ကူစေရန်အတွက် အရောင်း ကောင်တာနှစ်ခု ဖွင့်လှစ်ရောင်းချပေးခြင်း၊ ဝယ်ယူလိုသောစာအုပ် ရှိ၊ မရှိကို အမြန်သိရှိ နိုင်ရန်အတွက် ကွန်ပျူတာစနစ်ဖြင့် ရှာဖွေ ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး ဆိုင်ပြောင်းရွှေ့ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အဖြစ် ဇန်နဝါရီ ၃၁ရက်အထိ လာရောက် ဝယ်ယူသူတိုင်းအား စာအုပ်မျိုးစုံကို ၁၀ ရာခိုင်နှုန်း ဈေးလျှော့၍ ရောင်းချပေးလျက် ရှိသည်။ စာကြည့်တိုက်များ၊ အဖွဲ့အစည်း များနှင့် စာအုပ်ဆိုင်များကိုလည်း အထူး ဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်သည်။

ဖြန့်ချိ

အရောင်းဆိုင်သို့ အမြဲတမ်းလာရောက် ဝယ်ယူသူများအတွက် Discount Program မျိုးစုံစီစဉ်ထားပြီး ဖေဖော်ဝါရီမှ စတင်၍ Member စနစ်ဖြင့် ဝယ်ယူနိုင် မည့် အစီအစဉ်ကို ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။ စာအုပ်ဖြန့်ချိလိုသူများအတွက် နိုင်ငံအနှံ့ ဖြန့်ချိပေးနိုင်သည့် Network စနစ်ဖြင့် ဖြန့်ချိပေးမည်ဖြစ်သည်။

အလားတူ စာအုပ်အရောင်းဆိုင်၌ စာအုပ် အရောင်းပွဲတော်များ၊ စာရေးဆရာ များ၏ စာအုပ်ထုတ်ဝေခြင်း အမှတ်တရ လက်မှတ်ရေးထိုးပွဲများကို အလျဉ်းသင့် သလို ကျင်းပပေးသွားရန် စီစဉ်ထားရာ အဆိုတော်ကျားပေါက်၏ ပထမဆုံး လုံးချင်း စာအုပ်ဖြစ်သည့် ပစ်မှတ်အပြင်ဘက်မှ စကားလုံးများစာအုပ် စတင်ဖြန့်ချိခြင်း အထိမ်းအမှတ် လက်မှတ်ရေးထိုးပွဲကို ဇန်နဝါရီ ၁၅ရက် မွန်းလွဲ ၁နာရီမှ ညနေ ၃ နာရီအထိ ကျင်းပမည်ဖြစ်ပြီး Lazy Club တေးဂီတအဖွဲ့မှ နိုင်ဇော်၏ကျွန်တော် နှင့် ကျွန်တော့်ပတ်ဝန်းကျင်စာအုပ် အမှတ် တရလက်မှတ်ရေးထိုးပွဲကိုလည်း ဆက်လက် ကျင်းပသွားမည် ဖြစ်သည်။

ထုတ်ဝေ

စာပေလောက(၅) စာအုပ်ဆိုင်ကို ဖွင့်လှစ်ရောင်းချပေးနေသည့် Together Media Network အနေဖြင့် Little Boy Publishing House၊ အလင်္ကာ ဂီတ ဂျာနယ်နှင့် ရှုမငြီးဓာတ်ပုံ မဂ္ဂဇင်းတို့ကို လည်း စီစဉ်ထုတ်ဝေလျက်ရှိကြောင်း သိရှိ ရသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လူမိတ်ဆွေ

အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၈ရက်မှ ၂၁ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ် ကွင်း၌ ကျင်းပမည်ဖြစ်ရာ အမျိုးသား အလွတ်တန်း၊ အမျိုးသမီး အလွတ်တန်း၊ အသက် ၃၅နှစ်နှင့် အထက်၊ အသက် ၄၅နှစ်နှင့် အထက်၊ အသက် ၅၅နှစ်နှင့် အထက်၊ အသက် ၆၀နှင့်အထက်(တစ်ဦးချင်း)ပြိုင်ပွဲ၊ (နှစ်ယောက်တွဲ)ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင် အားကစားသမားများသည် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀သို့ ဇန်နဝါရီ ၁၇ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

အိုင်ကလောင်

တိုက်ကြီးမြို့နယ် လှိုင်မြစ်၏ အနောက်ဘက် အဖျောက်-တိုက်ကြီး လမ်းဘေး အိုင်ကလောင်ကျေးရွာ အနီးရှိ အိုင်ကလောင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် လှိုင်မြစ်မှ ရေအရင်းအမြစ်ကို အသုံးပြု၍ တည်ဆောက်ထားခြင်းဖြစ်ပြီး စိုက်ပျိုးမြေဧက ၅၀၀၀ ကို အကျိုးပြုလျက်ရှိသည်။

အိုင်ကလောင်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ရေတင်အမြင့် ၃၂ပေ၊ ရေတင်အဆင့်တစ်ဆင့်၊ မြောင်းမကြီး ၂ဒသမ၆၇မိုင်၊ လက်တံမြောင်းများ ၁၄ဒသမ၈၈မိုင် ရှည်လျားပြီး ရေစုပ်စက် မော်တာ ၁၃၂ KW ခြောက်စုံ တပ်ဆင်ထားသည်။

အလဘုတ်

တိုက်ကြီးမြို့နယ် အလဘုတ် ကျေးရွာအနီးရှိ အလဘုတ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် လှိုင်မြစ်မှ ရေအရင်းအမြစ်ကို အသုံးပြု၍ တည်ဆောက်ထားခြင်းဖြစ်ပြီး စိုက်ပျိုးမြေဧက ၁၁၂၀ကို အကျိုးပြုလျက်ရှိသည်။

အလဘုတ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ရေတင်အမြင့်ပေ၂၀၊ ရေတင်အဆင့်တစ်ဆင့်၊ မြောင်းမကြီး ပေ၈၀၀ရှည်လျားပြီး ရေစုပ်စက်မော်တာ၃၀ KWခုနစ်စုံတပ်ဆင်ထားသည်။

တော်လတီ

တိုက်ကြီးမြို့နယ် တော်လတီ ကျေးရွာအနီးရှိ တော်လတီလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် လှိုင်မြစ်မှ ရေအရင်းအမြစ်ကိုအသုံးပြု၍ တည်ဆောက်ထားခြင်းဖြစ်ပြီး စိုက်ပျိုးမြေ ၄၀၃ဧကကို အကျိုးပြုလျက်ရှိသည်။

တော်လတီ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ရေတင်အမြင့် ပေ၂၀၊ ရေတင်အဆင့်တစ်ဆင့်၊ မြောင်းမကြီး ပေ၅၀၀၀ ရှည်လျားပြီး ရေစုပ်စက် မော်တာ ၃၀ KW ခုနစ်စုံ တပ်ဆင်ထားသည်။

အလဘုတ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် မြောင်းမကြီးအတွင်းသို့ ရေတင်နေမှုကို ဤသို့ တွေ့ရသည်။

သပြေတန်း

တိုက်ကြီးမြို့နယ် တော်လတီ ကျေးရွာအနီးရှိ သပြေတန်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် လှိုင်မြစ်မှ ရေအရင်းအမြစ်ကို အသုံးပြု၍ တည်ဆောက်ထားခြင်းဖြစ်ပြီး စိုက်ပျိုးမြေဧက ၅၀၀၀ ကို အကျိုးပြုလျက်ရှိသည်။

သပြေတန်း လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ရေတင်အမြင့် ၃၂ပေ၊ ရေတင်အဆင့်တစ်ဆင့်၊ မြောင်းမကြီး ၁ဒသမ၆၉မိုင် ရှည်လျားကာ ရေစုပ်စက်မော်တာ ၁၆၀ KW လေးစုံ တပ်ဆင်ထားသည်။

တောင်ရပ်ဇီးကုန်း

တိုက်ကြီးမြို့နယ်တောင်ရပ်ဇီးကုန်း ကျေးရွာအနီးရှိ တောင်ရပ် ဇီးကုန်း လျှပ်စစ် မြစ်ရေတင်စီမံကိန်းသည် လှိုင်မြစ်မှ ရေအရင်းအမြစ်ကို အသုံးပြု၍ တည်ဆောက်ထားခြင်း ဖြစ်ပြီး စိုက်ပျိုးမြေဧက ၁၀၀၀ကို အကျိုးပြုလျက်ရှိသည်။

အိုင်ကလောင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် လှိုင်မြစ်မှ ရေတင်ရန် ရေစုပ်စက်နှင့် သံပိုက်လုံးကြီးများ တပ်ဆင်သွယ်တန်းထားရှိမှုကို ဤသို့ တွေ့ရသည်။

တောင်ရပ်ဇီးကုန်း လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ရေတင်အမြင့် ပေ၂၀၊ ရေတင်အဆင့် တစ်ဆင့်၊ မြောင်းမကြီး ပေ၁၀၀၀၀ ရှည်လျားကာ ရေစုပ်စက် မော်တာ ၃၀ KW သုံးစုံ တပ်ဆင်ထားသည်။

ထပ်မံတည်ဆောက်

ရန်ကုန်တိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနသည် တိုက်ကြီးမြို့နယ်အတွင်း လက်ရှိ တည်ဆောက်ပြီး လျှပ်စစ်မြစ်ရေတင်စီမံကိန်းများအပြင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းနှစ်ခုကို ထပ်မံ တည်ဆောက်ရန် စီစဉ်လျက်ရှိသည်။

မြစ်ရေတင်စီမံကိန်း

အဆိုပါ လျှပ်စစ်မြစ်ရေတင်စီမံကိန်းနှစ်ခုမှာ တိုက်ကြီးမြို့နယ် မင်းလှ၀ကျေးရွာအနီး၌ လှိုင်မြစ်မှ ရေအရင်းအမြစ်ကို အသုံးပြု၍ တည်ဆောက်မည့် မင်းလှ၀လျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့် တိုက်ကြီးမြို့နယ် ဆင်ခြံကျေးရွာအနီး၌ ဘောလည်မြစ်မှ ရေအရင်းအမြစ်ကို အသုံးပြု၍ တည်ဆောက်မည့် ဆင်ခြံလျှပ်စစ်မြစ်ရေတင်စီမံကိန်းတို့ဖြစ်သည်။

အကျိုးပြုနိုင်

မင်းလှ၀လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ပြီးစီးရန် လျာထားပြီး စီမံကိန်း ပြီးစီးပါက စိုက်ပျိုးမြေဧက ၁၅၀၀ ကို အကျိုးပြုနိုင်မည်ဖြစ်သည်။

ဆင်ခြံလျှပ်စစ်မြစ်ရေတင်စီမံကိန်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြီးစီးရန်လျာထားပြီး စီမံကိန်းပြီးစီးပါက စိုက်ပျိုးမြေဧက ၁၂၀၀ကို အကျိုးပြုနိုင်မည်ဖြစ်သည်။

၁၅၂၂၃ဧက

ရန်ကုန်တိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တာ၀န်ယူတည်ဆောက်မည့် မင်းလှ၀လျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့် ဆင်ခြံလျှပ်စစ်မြစ်ရေတင်စီမံကိန်းတို့ ပြီးစီးပါက တိုက်ကြီးမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေ စုစုပေါင်း ၁၅၂၂၃ ဧကကို အကျိုးပြုနိုင်တော့မည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

တောင်ရပ်ဇီးကုန်း လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် လှိုင်မြစ်မှ ရေတင်ရန် ရေစုပ်စက်နှင့် သံပိုက်လုံးကြီးများ တပ်ဆင်သွယ်တန်းထားရှိမှုကို ဤသို့ တွေ့ရသည်။

လူကုန်ကူးအကြောင်း သိကောင်းစရာ ပညာပေး ဆွေးနွေးပွဲကျင်းပ

ဟင်္သာတ ပုမ္ပလင်း ဇန်နဝါရီ ၁၁

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ လူကုန်ကူးအကြောင်း သိကောင်းစရာ ပညာပေး ဆွေးနွေးပွဲကို ဒီဇင်ဘာ၃၁ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောဆွေးနွေး

ဆွေးနွေးပွဲတွင် ဟုမ္မလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှ၀င်းက လူကုန်ကူးအကြောင်း သိကောင်းစရာများကို ဝင်းနိုင်ထွန်း ရေးသားသော **"ကြေကွဲဖွယ်ရာ ရက်စက်မှုများနှင့် လူကုန်ကူးမှုစက်ဝန်း"** စာအုပ်မှ ကိုးကား၍ ပညာပေးဟောပြောဆွေးနွေးသည်။

ထို့နောက် ဟုမ္မလင်းမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာ ၇၈အုပ်စုမှ အများပြည်သူများ လူကုန်ကူးခြင်းမခံရလေအောင် သိရှိစေရန်အတွက် **"ရည်ရွယ်တာက ဘုံနန်း"** ပညာပေးပိုစတာများနှင့် **"အိပ်မက်ထဲက ကောင်းကင်"** ပညာပေးဇာတ်လမ်း ဗွီစီဒီ ၇၈ချပ်တို့ကို ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများထံ အခမဲ့ ဖြန့်ဝေပေးသည်။

အခမ်းအနားသို့ ·မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၈အုပ်စုမှ တာဝန်ရှိသူများ စုစုပေါင်းအင်းအား ၆၀ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဇန်နဝါရီ ၁၁

ယောနယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ယောနယ်အသင်း(ရန်ကုန်)၏ (၃၉)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် လမ်း၄၀ အမှတ် ၂၀၂ ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဖုန်း-၂၄၀၆၁၄သို့ ဆက်သွယ်နိုင်သည်။

အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်မည်

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးပြီး ဇန်နဝါရီ ၁၈ရက်မှ ၂၁ရက်အထိ ကျင်းပမည့် အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲကို ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်အားကစားသမားများ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀သို့ ဇန်နဝါရီ ၁၇ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထားပြီး ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

စာသူကြီးစာပေ စာအုပ်ရောင်းပွဲ ဈေးလျှော့ရောင်း

စာသူကြီးစာပေတိုက်၏ သုံးနှစ်ပြည့်အဖြစ် ဈေးလျှော့နှုန်း စာအုပ်ရောင်းပွဲတော်ကို အင်းဝစာအုပ်တိုက် ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ်တွင် ဇန်နဝါရီ ၆ရက်မှ ၁၂ရက် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရောင်းချပေးလျက်ရှိသည်။

အိန္ဒိယကျောက်မျက်ပြပွဲ မြန်မာနိုင်ငံအားဖိတ်ခေါ်

ဖေဖော်ဝါရီ ၂၀ရက်မှ ၂၃ရက်အထိ အိန္ဒိယနိုင်ငံ၌ ကျင်းပမည့် အိန္ဒိယ နိုင်ငံတကာကျောက်မျက်ရတနာပြပွဲသို့ မြန်မာနိုင်ငံမှ ကျောက်မျက်ကုန်သည်များ ဝင်ရောက်ပြသရန် ဖိတ်ခေါ်ထားကြောင်းနှင့် ပါဝင်ပြသလိုသူများ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အမှတ်၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့သို့ အချိန်မီဆက်သွယ်နိုင်ကြောင်း သိရသည်။

မွေးကင်းစကလေးပြုစုနည်း သင်တန်းဖွင့်မည်

မွေးကင်းစကလေး ပြုစုနည်းသင်တန်းကို မြန်မာနိုင်ငံ ယုဝတီခရစ်ယာန်အသင်းတိုက် (YWCA) တွင် ဇန်နဝါရီ ၁၂ရက်မှ ဖေဖော်ဝါရီ ၁၁ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်ကို အမှတ် ၁၁၉ ဘိုကလေးဈေးလမ်း ဗိုလ်တထောင်မြို့နယ်သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ယုဇနဆီသန့်စက်ရုံ တစ်လလျှင် ဆီတန်ချိန် ၄၅၀၀ ထုတ်လုပ်မည်

ပြည်ပမှ စားအုန်းဆီ တင်သွင်းသုံးစွဲမှု လျှော့နည်းစေရန်အတွက် တည်ထောင်ထားသော ယုဇနကုမ္ပဏီလီမိတက်ပိုင် ရန်ကုန်တိုင်း သာကေတမြို့နယ်ရှိ ယုဇနဆီသန့်စက်ရုံမှ ၂၀၀၉ခုနှစ်မှစပြီး တစ်လလျှင် ဆီတန်ချိန် ၄၅၀၀ ထုတ်လုပ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ဝယ်သူရောင်းသူ တွေ့ဆုံပွဲကျင်းပမည်

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် အိန္ဒိယနိုင်ငံ အင်ဒို-မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဝယ်သူရောင်းသူ တွေ့ဆုံပွဲကို ဇန်နဝါရီ ၁၅ရက် မွန်းလွဲ၂နာရီတွင် အဆိုပါ ကုန်သည်/စက်မှု အသင်းချုပ်၌ ကျင်းပမည်ဖြစ်သည်။

ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း စည်းဝေးမည်

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်း၏ (၁၇) ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၅ရက် နံနက် ၉နာရီတွင် အမှတ်၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်သည်။

စားပွဲတင်တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် Horizon Sports Academy တို့ပူးပေါင်း၍ Horizon အိုးပင်း ၂၀၀၉ စားပွဲတင် တင်းနစ်ပြိုင်ပွဲကို ကျိုက္ကဆံဝင်အားကစားရုံ၌ ဇန်နဝါရီ ၂၄ရက်မှ ၂၅ရက်အထိ ကျင်းပမည်ဖြစ်ရာ အမှတ် ၂၅ ဖိုးစိန်လမ်း ဗဟန်းမြို့နယ်သို့ စာရင်းပေးသွင်းနိုင်ပြီး ဖုန်း-၅၄၃၉၂၆ သို့ အသေးစိတ်စုံစမ်းနိုင်သည်။

ရန်ကုန်ရွက်လှေအသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန်ရွက်လှေအသင်း၏ နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၅ရက် (တနင်္ဂနွေနေ့)နံနက်၉နာရီခွဲတွင် ရန်ကုန်ရွက်လှေအသင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများ တက်ရောက်ကြရန် နှိုးဆော်ဖိတ်ကြားထားသည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

● **ရှေ့ဖုံးမှ**

ခဲမဖြူ၊ အဖြိုက်နက် တူးဖော်ထုတ်လုပ်ရာမှာ အကြမ်းအားဖြင့် သုံးမျိုး ရှိပါတယ်။ အဲဒါတွေကတော့ သတ္တုကြော တူးခြင်း၊ နုန်းမြေသတ္တုသိုက်တူးခြင်းနှင့် တောင်စောင်းကြေပျက် သတ္တုသိုက်တူးခြင်း တို့ဆိုပြီး ရှိပါတယ်။ ဒီအထဲမှာ ဟိန္ဒားသတ္တုသိုက်ဟာ တောင်စောင်းကြေပျက် သတ္တုသိုက်တူးဖော်ခြင်း အမျိုးအစားထဲမှာ ပါဝင်ပါတယ်''ဟု တိုင်းအထွေထွေမန်နေဂျာ ဦးကျော်တင့်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ကုန်ကျစရိတ်

''သတ္တုကြောတူးခြင်း(Primary deposit) ဟာ ဂူများထွင်းဖောက်ပြီး ယမ်းထည့်ဖောက်ခွဲခြင်းဖြစ်ပါတယ်၊ ဒီတူးနည်းဟာယမ်းအတွက်ကုန်ကျရတဲ့ စရိတ်မှာများပြားစေပါတယ်၊ကုန်ကျမှုအနည်းဆုံးကတော့ ဟိန္ဒားမှာသုံးနေတဲ့ တောင်စောင်းကြေပျက် သတ္တုသိုက်တူးခြင်း (Eluvial deposit) ပဲဖြစ်ပါတယ်။ ဟိန္ဒားသတ္တုတွင်းမှာ ဆိုရင်သတ္တုသိုက်တောင်မှမြေသားတွေကို မြေတူးစက်ယာဉ် (Back Hoe) တွေနဲ့တူးပြီး ကားနဲ့သယ်ကာ ရေနဲ့ ဆေးကြောတဲ့နည်း ဖြစ်ပါတယ်''ဟု ဦးကျော်တင့်က သတ္တုတူးဖော်ခြင်း အကြောင်းကို ရှင်းပြသည်။

သုံးမျိုးသုံးစား

သတ္တုသိုက်မှ သတ္တုရိုင်းများကို ရေများ အဆင့်ဆင့် ဆေးကြောပြီး သက်ဆိုင်ရာ စက်များ အသုံးချကာ ထုတ်လုပ်ခြင်းဖြင့် ခဲမဖြူ သန့်စင်၊ အဖြိုက်နက်သန့်စင်နှင့် ခဲမဖြူအဖြိုက်နက်ရောရောဟူ၍သုံးမျိုးသုံးစားထွက်ရှိလာကြောင်း သိရသည်။ ယင်းထွက်ရှိလာသည့် သတ္တုအမှုန့်များ၊ဖြုန်းခဲများကို ထားဝယ်မြို့ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ရောင်းဝယ်ရေးဌာနမှ တစ်ဆင့် ရန်ကုန်မြို့ သန်လျင်ခဲမဖြူသန့်စင်စက်ရုံသို့တင်ပို့ပြီး ခဲမဖြူစင်များ ထုတ်လုပ်ပေးလျက်ရှိကြောင်း လေ့လာသိရှိခဲ့ရသည်။

သတင်းအဖွဲ့သည် ထိုမှဆက်လက်၍ ဟိန္ဒားသတ္တုသိုက်သို့ သွားရောက်လေ့လာခဲ့ကြသည်။ဟိန္ဒားသတ္တုတွင်းသည် ထားဝယ်မြို့ အရှေ့ဘက် ၃၃ မိုင်အကွာရှိ ဖိုးလုံးတောင်တွင် တည်ရှိသည်။ ယင်းဖိုးလုံးတောင် သတ္တုသိုက်သည် ဧရိယာအားဖြင့် ဧက ၂၁၁၀ ကျယ်ဝန်းသည်။

သဘာဝရတနာ

သဘာဝ ခဲမဖြူသတ္တုသိုက်ကြီး တည်ရှိရာ ဖိုးလုံးတောင်ကို အဝေးမှ စိမ်းပြာ ညို့မှိုင်းလျက် တွေ့ရသည်။

မြန်မာပြည်၏ကြွယ်ဝလှသည့်သဘာဝရတနာသိုက်ကြီးတစ်ခုပင်ဖြစ်သည်။

သတင်းအဖွဲ့သည် ဟိန္ဒားသတ္တုတွင်းသို့ ရောက်ရှိသည် ဆိုလျှင်ပင် သတ္တုတွင်း၏ သမိုင်းအကျဉ်းနှင့် လက်ရှိခဲမဖြူ အဖြိုက်နက် ဓာတ်သတ္တုများထုတ်လုပ်မှုများနှင့် စပ်လျဉ်း၍ ဟိန္ဒားသတ္တုတွင်းစီမံကိန်း မန်နေဂျာ ဦးစောပြည်သာက ရှင်းပြသည်။

''ကျွန်တော်တို့ ဟိန္ဒားသတ္တုတွင်းဟာ ထားဝယ်မြို့ရဲ့ အရှေ့ဘက် ၃၃ မိုင်အကွာ ဖိုးလုံးတောင်မှာ ရှိပါတယ်၊ဒီသတ္တုတွင်းကို ၁၉၂၇ခုနှစ်မှာ အင်္ဂလိပ်ဘားမားတင်း ကုမ္ပဏီလီမိတက်က သတ္တုတွင်း တည်ထောင်ဖွင့်လှစ်ပြီး သတ္တုတူးဖော် ထုတ်လုပ်မှု စတင်ခဲ့ပါတယ်၊၁၉၅၆ခုနှစ်မှာမြန်မာနိုင်ငံတော်အစိုးရနဲ့ ယင်းကုမ္ပဏီတို့ဟာ ဖက်စပ်ပြုလုပ်ပြီး သတ္တုထုတ်လုပ်မှု ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်၊ ၁၉၆၃ ခုနှစ်မှာတော့ နိုင်ငံပိုင်ပြုလုပ်ပြီး သတ္တုတွင်းစီမံကိန်း အနေဖြင့် ၁၉၉၉ ခုနှစ် ဇွန်လအထိ သတ္တုတူးဖော်ထုတ်လုပ်ခဲ့ပါတယ်၊ ၁၉၉၉ ခုနှစ် ဇူလိုင်လမှာတော့ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနဲ့ မြန်မာပွန်ပီပက် ကုမ္ပဏီလီမိတက်တို့ဟာ ထုတ်လုပ်မှုအပေါ် အချိုးကျ ခွဲဝေခံစားတဲ့ စနစ်နဲ့ ယနေ့အထိ ဖက်စပ်သတ္တုတူးဖော်ထုတ်လုပ်လျက်ရှိပါတယ်''ဟု ဦးစောပြည်သာက ရှင်းပြသည်။

''ဟိန္ဒား သတ္တုသိုက်ဟာ တောင်စောင်းကြေပျက် သတ္တုတွင်း တူးဖော်ခြင်း အမျိုးအစားထဲမှာ ပါဝင်ပါတယ်''

ဦးကျော်တင့်
တိုင်းအထွေထွေမန်နေဂျာ
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
ထားဝယ်မြို့
(မြန်မာ့အလင်း)



အလေးချိန် ပေါင်၈၀(၂၂ဒသမ၂ပိဿာ)ရှိ ၉၉ဒသမ၉၉ ရာခိုင်နှုန်း သန့်စင် ခဲမဖြူတုံးကြီး။ (မြန်မာ့အလင်း)

ခဲမဖြူအများဆုံး

ခဲမဖြူ သတ္တုအများဆုံးထွက်ရှိတဲ့ ဖိုးလုံးတောင်သတ္တုသိုက်ခေါ် ဟိန္ဒားသတ္တုတွင်းဟာ ၁၉၇၀ပြည့်နှစ်က ဂျာမန်ဘူမိဗေဒပညာရှင်အဖွဲ့ရဲ့ လေ့လာတိုင်းတာချက်အရ သတ္တုရိုင်း ဖြုန်းမြေစာ ၂၆ဒသမ၇၇သန်းကုဗကိုက်မှာ ခဲမဖြူသန့်စင် တန် ၁၄၀၀၀ ခန့်ရှိကြောင်း သိရပါတယ်။ တစ်ဖန် ၁၉၉၉ ခုနှစ်တိုင်းတာမှုအရ သတ္တုရိုင်း မြေစာ ၁၅ ဒသမ ၉သန်းကုဗကိုက်မှာ ခဲမဖြူသတ္တုသန့်စင် ၈၀၈၇ ဒသမ ၇ တန် ထုတ်လုပ်ဖို့ ကျန်ရှိနေပါတယ်''ဟု ဦးစောပြည်သာက ရှင်းပြသည်။

''ဒီအတွက်မြန်မာပွန်ပီပက်ကုမ္ပဏီ အနေဖြင့် ၂၀၀၈ခုနှစ် အောက်တိုဘာလကုန်အထိ ခဲမဖြူသန့်စင် ၄၃၀၃ ဒသမ ၅၂၅၆ မက်ထရစ်တန် ထုတ်လုပ်ခဲ့ပြီးဖြစ်လို့ ခဲမဖြူသန့်စင် ၃၇၈၄ ဒသမ၂၇၄၄တန်ခန့်ထုတ်လုပ်သွားရန် ကျန်ရှိနေပါသေးတယ်''ဟု ၄င်းက ဆက်လက်ပြောကြားသည်။

အမှတ်(၂)သတ္တုတွင်းလုပ်ငန်းအနေဖြင့် ဟိန္ဒားသတ္တုတွင်းမှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ခဲမဖြူသတ္တုထုတ်လုပ်မှု တန်ချိန် ၆၀၀ လျာထားခဲ့ရာ တစ်လလျှင် တန် ၅၀ နှုန်း ထွက်ရှိနေသည်။ တနင်္သာရီတိုင်းတစ်တိုင်းလုံးအနေဖြင့် ယခု ဘဏ္ဍာနှစ်အတွင်း တန်ချိန်၈၄၂တန် လျာထားခဲ့ရာ စုစုပေါင်းတန်ချိန် ၆၀၀ရရှိနေပြီဖြစ်ကြောင်း သိရသည်။

အသုံးဝင်ပုံ

ခဲမဖြူနှင့်အဖြိုက်နက်အဖြစ်သတ္တုစင်များ ထုတ်လုပ်ပြီးသော သတ္တုစင်များအနက်ခဲမဖြူကို အီလက်ထရွန်နစ်ပစ္စည်းများ၊ နို့ဆီဘူးများတွင် အသုံးပြုနိုင်သည်။ခဲမဖြူကိုလျှပ်စစ်ပစ္စည်းဆားကစ်များ၊ ဂဟေဆက်ရာတွင်လည်းကောင်း၊ နို့ဆီဘူးများ၊ အသားဘူးများအတွင်း လက်လက်တောက်ပနေစေရန်အတွက် လည်းကောင်း အသုံးပြုနိုင်ကြောင်းသိရသည်။ ယင်းခဲမဖြူသည်ဒေသအခေါ်ခဲဟု အလွယ်တကူခေါ်သည့် ခဲပုပ် Lead နှင့်မတူပေ၊ ယင်းခဲပုပ်မှာ ဘက်ထရီအိုးများတွင်သာ သုံးစွဲနိုင်သည်။

အဖြိုက်နက်ကို ကျုံ့ခြင်း၊ ကြွခြင်းနည်းခြင်းကြောင့် မီးလုံးတန်စတင်ကြိုးများနှင့် သေနတ်ပြောင်းများ အတွင်းအပူရှိန်နည်းပါးစေရန် သုံးလေ့ရှိသည်ဟု ဆိုသည်။

''၂၀၀၈ခုနှစ် အောက်တိုဘာလကုန်အထိ ခဲမဖြူ သန့်စင် ၄၃၀၃ ဒသမ ၅၂၅၆ မက်ထရစ်တန်ထုတ်လုပ်ခဲ့ပြီးဖြစ်ပါတယ်''

ဦးစောပြည်သာ
မန်နေဂျာ
ဟိန္ဒားသတ္တုတွင်း
(မြန်မာ့အလင်း)

ဖြန့်ဖြူးရောင်းချ

ဟိန္ဒားသတ္တုတွင်းအနေဖြင့်ထွက်ရှိလာသည့် အကျိုးအမြတ်များကို မြန်မာပွန်ပီပက်ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက် ရှိသည်။ ယင်းသတ္တုတွင်းမှ မြန်မာအစိုးရအတွက်ရရှိမည့်အကျိုးအမြတ်များကို အမှတ်(၂)သတ္တုတွင်းမှရယူခဲ့ပြီးသတ္တုအမှုန့်များကို ထားဝယ်မှ တစ်ဆင့် ရန်ကုန် သန်လျင်သို့တင်ပို့ကာ ခဲမဖြူသန့်စင်အဖြစ် ထုတ်လုပ်လျက်ရှိသည်။ ထွက်ရှိလာသည့် ခဲစင်များကို ပြည်တွင်း ဈေးကွက်များသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်းလေ့လာ စေ့ငုဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သုံးမျိုးခွဲခြား

(ဝဲမှယာ) **ခဲမဖြူ၊ အဖြိုက်နက်၊ ရောရာ သုံးမျိုးကို ခွဲခြား၍ အိတ်သွတ်သွင်းရန် ဤသို့ဆောင်ရွက်ကြရသည်။** (မြန်မာ့အလင်း)

■ **ကျောဖုံးမှ**

အမေရိကန်လေကြောင်းလိုင်းမှ အဆိုပါခရီးသည်တင်လေယာဉ်သည် ရေညှိမှထုတ်ယူထားသော လောင်စာဆီနှင့်မူလလေယာဉ်ဆီ ရောစပ်အသုံးပြုထားသည့် လေယာဉ်ဆီကို အသုံးပြု မောင်းနှင်ပျံသန်းရာ မူလ လေယာဉ်ဆီချည်း သုံးစွဲမှုထက် လေယာဉ်အင်ဂျင်စွမ်းအား အပြည့်အဝ ထွက်ပေါ်စေသည်ဟု ဆို၏။

စမ်းသပ်

ယခုစမ်းသပ်မောင်းနှင်သည့် ခရီးသည်တင်လေယာဉ်မှာ အင်ဂျင်တစ်လုံးတပ်လေယာဉ်ဖြစ်သဖြင့် နောက်ပိုင်းတွင် အင်ဂျင်နှစ်လုံးတပ်၊ လေးလုံးတပ်အင်ဂျင်များတပ်ဆင်ထားသော လေယာဉ်များကို သုတေသနပြု စမ်းသပ်မောင်းနှင်သွားမည်ဖြစ်သည်။

ရေညှိမှ ထုတ်ယူထားသော ဇီဝလောင်စာဆီနှင့် ရောစပ်ထားသည့် လေယာဉ်ဆီ အသုံးပြုမောင်းနှင်မှုကို အမေရိကန်နိုင်ငံ ဟူစတန်နိုင်ငံတကာလေဆိပ်မှမက္ကဆီကိုပင်လယ်ကွေ့တစ်ဝိုက် မိနစ်၉၀ကြာ စမ်းသပ်ပျံသန်းခဲ့ရာ လေယာဉ်ဆီလည်း သက်သာကြောင်း ၄င်းလေယာဉ်ကို မောင်းနှင်သည့် လေယာဉ်မှူးရစ်ချ်ဂျန်ကောစကီက ပြောကြားသည်။

ပိုမိုအသုံးတည့်

ရေညှိမှထုတ်ယူထားသော ဇီဝလောင်စာဆီသည် လေယာဉ်အင်ဂျင်များကို ထိခိုက်မှု မဖြစ်စေသည့်အပြင် ဂျက်လေယာဉ်များ၌လည်း သုံးစွဲနိုင်ကြောင်း၊ မော်တော်ယာဉ်များထက် လေယာဉ်များတွင် ပိုမိုအသုံးတည့်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ရေညှိသည်ရေရှိသောနေရာတွင် အလွယ်တကူ ရှင်သန်ပွားများနိုင်သည်ဖြစ်ရာ အခြား ဇီဝလောင်စာ ထုတ်ယူနိုင်သော ကြက်ဆူ၊ ကြံ၊ ပြောင်းတို့ထက် ပိုမိုလျင်မြန်စွာ ဇီဝလောင်စာ ထုတ်ယူနိုင်သည်။

စိုက်ပျိုးဖြစ်ထွန်း

ကြက်ဆူပင်သည် သာမန် မြေအမျိုးအစားတွင် ပေါက်ရောက်နိုင်သည်ဖြစ်ရာ မြေလွတ်မြေရိုင်းများ၌လည်း စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ သို့ရာတွင် ဇီဝလောင်စာဆီ ထုတ်ယူရာတွင် ငွေကုန်နည်းပြီး အထွက်နှုန်းလည်း ကောင်းမွန်သည့် ရေညှိကလည်း ကြက်ဆူပင်ကဲ့သို့ ဇီဝလောင်စာ ထုတ်ယူနိုင်သည့် ကုန်ကြမ်းပစ္စည်း တစ်မျိုးပင်ဖြစ်သည်။

ဇီဝလောင်စာကုန်ကြမ်း

ရေညှိတစ်ဟက်တာလျှင် အခြားဇီဝလောင်စာ ထုတ်ယူနိုင်သည့် သီးနှံများထက် အဆ၃၀မျှ ထွက်နှုန်းကောင်းသည်ဖြစ်ရာရေညှိကုန်ကျမှုနည်းနည်းဖြင့်အောင်မြင်ဖြစ်ထွန်းနိုင်သော ဇီဝလောင်စာ ကုန်ကြမ်းတစ်မျိုးလည်းဖြစ်သည်။

သို့ရာတွင် ရေညှိမှ ဇီဝလောင်စာ ထုတ်လုပ်ရာတွင် အခြားစက်မှုကုန်ကြမ်း သီးနှံများထက် နည်းပညာများ ပိုမိုထည့်သွင်းရခြင်းနှင့် လက်တွေ့ သုံးစွဲနိုင်သည်အထိ အဆင့်ဆင့်ထုတ်ယူရခြင်းက ပိုများသည်။

ပတ်ဝန်းကျင်

အားသာချက်တစ်ရပ်မှာ ရေညှိမှ ထုတ်ယူသည့် ဇီဝလောင်စာဆီမှာ သဘာဝပတ်ဝန်းကျင်က ထိခိုက်မှုလုံးဝမရှိခြင်းပင် ဖြစ်သည်။ ထို့အပြင် အင်ဂျင်စွမ်းအင်ကိုလည်း ထိခိုက်မှုမရှိစေရာ မကြာမီကာလအတွင်း ရေညှိမှ ထုတ်ယူရရှိသော ဇီဝလောင်စာများကို သုံးစွဲမှုများ များပြားလာမည်ဖြစ်ပါကြောင်း။ ။

(အင်တာနက်)

ဇီဝလောင်စာဆီမှထုတ်ယူသည့် ရေညှိ

ဇီဝလောင်စာဆီ ထုတ်ယူသည့် ရေညှိများကို ဤသို့ တွေ့ရသည်။

မင်းဘူးခရိုင်အသင်း အမျိုးသားစာပေဆုရှင်များ ဂုဏ်ပြုပွဲ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၁

မင်းဘူးခရိုင်(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးပွဲကို ဇန်နဝါရီ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း ကုန်သွယ်လယ်ယာ ခမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ စကု၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ ကုန်းဇောင်း၊ စလင်း၊ ဆင်ဖြူကျွန်း၊ ငဖဲ၊ စေတုတ္တရာ မြို့နယ်မှ ရန်ကုန်မြို့ရောက် အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများပါ တက်ရောက်နိုင်သည်။ မင်းဘူးခရိုင်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေးတွင် ၂၀၀၇ခုနှစ်အမျိုးသားစာပေဆုတစ်သက်တာစာပေဆုရှင်ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း၊ဝတ္ထုတိုပေါင်းချုပ်ဆုရှင် နေဝင်းမြင့်(ကုန်းဇောင်း)၊ စာပဒေသာဆုရှင် တက္ကသိုလ်စိန်တင်(မင်းဘူး)နှင့် စာပေဗိမာန် စာမူဆု စာပဒေသာ ပထမဆုရှင် အောင်စိုး၊ တိရစ္ဆာန်ဆေးကု (ပွင့်ဖြူ)၊ ကဗျာ ပထမဆုရှင် အေးကြည်စိန် (စကု) နှင့် ဝတ္ထုရှည် ဒုတိယဆုရ မင်းဇေဒါ (ပွင့်ဖြူ)တို့အား ဂုဏ်ပြုဆုများချီးမြှင့်မည်ဖြစ်ပြီး ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်တို့၏ သားသမီးများအား ဆုချီးမြှင့်မည် ဖြစ်သည်။ ထို့ပြင် အသက်(၇၅)နှစ်ပြည့် အသင်းဝင်သက်ကြီးပုဂ္ဂိုလ်များအား ပူဇော်ကန်တော့ကြမည်ဖြစ်ရာ အလှူဒါနပြုလိုသူများနှင့် ဂုဏ်ထူးရကျောင်းသားကျောင်းသူများသည် ဥက္ကဋ္ဌဦးဝင်းဖေ ဖုန်း-၇၀၄၇၉၆၊ အမှုဆောင်များ ဖြစ်သည့် ဦးစံလှ ဖုန်း-၅၆၄၃၅၈၊ ဒေါ်ခင်စိန်ဝင်း ဖုန်း-၅၆၀၆၁၁နှင့် တက္ကသိုလ်စိန်တင် ဖုန်း-၅၈၀၄၅၅ တို့သို့ ဆက်သွယ်သတင်းပို့နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အလက(၁)တာမွေ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

အလက(၁)တာမွေ၌ ၁၉၅၈ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများအား တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ပူဇော်ကန်တော့ပွဲအတွက် ဆက်သွယ်လှူဒါန်းလိုပါက ဒေါ်စိုးစိုးတင့်(ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၁-၅၅၄၁၇၅၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၅၅၄၁၇၅နှင့် ဗိုလ်မှူးထွေးစံဖြူ (ငြိမ်း)ဖုန်း-၂၉၆၄၄၅၊ ၀၉-၅၁-၆၂၀၃၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီစည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်း၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဇန်နဝါရီ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အကြံပြု ဆွေးနွေးချက်များ ပေးပို့လိုပါက ဇန်နဝါရီ ၂၀ရက် နောက်ဆုံးထား ပေးပို့နိုင်ကြောင်း၊ ရန်ကုန်နှင့် တစ်ပြည်လုံးရှိ အသင်းဝင်များအားလုံး မပျက်မကွက် တက်ရောက်ကြစေလိုကြောင်း အမှုဆောင်အဖွဲ့က ဖိတ်ကြားထားသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၂-၁-၂၀၀၉ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ အဆိုပြိုင်ပွဲ
၇း၅၀ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၀၀ ၇။ သံသာချိုအေးမင်္ဂလာတေး
၈း၁၀ ၈။ **မြို့ကြီးသားယဉ်ကျေးမှု** လျှမ်းထက်၊ ဖိုးချစ်၊ ပုလဲဝင်း၊ နန်းဆုရတီစိုး၊ စုချစ်ဇော် ဒါရိုက်တာ-ဇော်လူထက်
၈း၂၀ ၉။ အတီးပြိုင်ပွဲ
၈း၃၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄း၂၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၂၀ ၃။ မြန်မာစာ မြန်မာစကား (အပိုင်း-၄)
၄း၃၅ ၄။ အကပဒေသာ
၄း၅၀ ၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅း၀၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅း၂၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၅ ၈။ မွေးမြူစိုက်ပျိုးစီးပွားတိုး (အပိုင်း-၃)
၅း၃၅ ၉။ တေးဂီတအစီအစဉ်
၅း၄၅ ၁၀။ **ငှက်တစ်သောင်း** ကင်းကောင်၊ ငှက်ပျောကြော်၊ ထူးမွန်၊အကယ်ဒမီစိုးရွှေဦးမြင့်စိုး၊ တိမ်ညွှန့် (ဒါရိုက်တာ-မောင်သီ)
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ ဆိုကြမယ်ပျော်ကြမယ်
၇း၁၀ ၁၄။ ဂီတစာဆိုတစ်ဦး၏ အကြိုက်ဆုံးတေးများထဲကတေးတစ်ပုဒ် (အပိုင်း-၂)
၇း၂၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှဲ့ဆိုးဆိုးသူကိုယ့်ချစ်သူ**(အပိုင်း-၂)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မြတ်နှလုံးသားပိုင်ရှင်** (အပိုင်း-၁၇)

* ကျော်ဖုံးမှ

ဆေးဖက်ဝင်သော မချစ်ဥကို ကချင်ပြည်နယ် ပူတာအိုခရိုင်မြောက်ပိုင်းမလိခူးတောင်တန်းပေါ်မှလွဲ၍ မည်သည့်နေရာမျှ မပေါက်နိုင်ဟု ဒေသခံတို့က ဆိုသည်။ မချစ်ဥကို စိတ်ဝင်စားခဲ့သည်မှာ ကြာလေပြီ။ ယခုမှ ကိုယ်တိုင်ကြုံတွေ့ရန် တောင်တက်ခရီး စတင်ခဲ့ခြင်းဖြစ်သည်။

စတင်ခဲ့

မလိခူးတောင်တန်းသည် မလိခမြစ်စတင်ရာဖြစ်သည်။ မြန်မာနိုင်ငံ၏ အသက် သွေးကြောသဖွယ်ဖြစ်သည့် ဧရာဝတီမြစ်၏အစကို ဤတောင်တန်းမှ စတင်ခဲ့ခြင်းဖြစ်ပေသည်။ မလိခူးတောင်တန်းရှိ အချို့တောင်ထွတ်များကား ပေ၁၅၀၀၀ကျော်မြင့်သည်။ အများအားဖြင့် ပေ၁၂၀၀၀ခန့်ရှိသော တောင်များကို နေရာအနှံ့အပြား၌ တွေ့ရသည်။

ထူးခြား

မချစ်ဥကား ထူးခြားသည်။ အမြင့်ပေ ၁၂၀၀၀ ထက်နိမ့်သော နေရာ၌ မပေါက်ချေ။ အမြင့်ပေ ၁၂၀၀၀နှင့် ၁၃၀၀၀အကြား ရေခဲများ ဖုံးလွှမ်းရာ တောင်ပေါ်ဒေသ၌သာ ပေါက်ရောက်သည်။ မချစ်ဥကို ကြက်သွန်ဂမုန်းဟုလည်း လူသိများသည်။ ဒေသခံ တိုင်းရင်းသားများက **"မချစ်"** ဟုခေါ်သော်လည်း တိဗက်တို့က **"ယောတော့"** ဟု ခေါ်သည်။ တရုတ်တို့ကမူ **"ပိုက်မူ"** ဟု နှုတ်ကျိုးစွာ ခေါ်ကြသည်။

မလိခူး တောင်ကြောတစ်လျှောက် ဖြည်းဖြည်းချင်းတက်ကာ မချစ်ဥကို ရှာဖွေသော်လည်းမတွေ့ရချေ။ ပေ ၁၂၀၀၀ ကျော်သို့ ရောက်ရှိလာသည့်တိုင် အရိပ်အယောင် မတွေ့ရသဖြင့် "မချစ်ဥတူးဖို့ဆိုတာ ကံကောင်းမှလည်း တွေ့ရတာပါ" ဟု ဒေသခံလမ်းပြတစ်ဦး ပြောစကားမှန်နေပြီလားဟု စိတ်ထဲ ထင်မိလေသည်။

ပတ်ဝန်းကျင်

တောနက်လာသည်နှင့်အမျှ တောင်လည်းမြင့်လာသည်။ ဖြောင့်တန်းစွာ ပေါက်ရောက်နေသော သစ်ပင်ကြီးများကို မြင်တွေ့ရသည်။ သစ်ပင်ကြီးများအထက်၌ သစ်ခွပန်းအချို့ တွေ့မြင်ရသည်။အဖြူရောင်သစ်ခွပန်းများဖြစ်သည်။ ဆက်လက်တက်လာရာ တောင်ကြောအမြင့်ပိုင်းရောက်ရှိလာသဖြင့် ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ အိမ်ခြေအနည်းငယ်သာရှိသော ရွာတစ်ရွာကို လှမ်းမြင်ရသည်။ မေးကြည့်တော့ တဗွန်းဒမ်းရွာဟု လမ်းပြက ပြောပြသည်။

အလွန်ရှားပါး

ထို့နောက် ဆက်လက်တက်ခဲ့ရာ တဟောင်ဒမ်းရွာနှင့် ဂူးဘားရွာများကို ဖြတ်ကျော်လာခဲ့ပြီးနောက် မချစ်ဥများ ပေါက်ရောက်ရာနေရာအနီးသို့ ရောက်ရှိခဲ့သည်။ အနီးဝန်းကျင်၌ လှည့်ပတ်ရှာဖွေခဲ့ရာ မလှမ်းမကမ်းရှိမြေပြင်ပေါ်၌ ပေါက်ရောက်နေသော မချစ်ပင်များကို ရုတ်တရက် တွေ့လိုက်ရလေသည်။ အလွန်ရှားပါးသော မချစ်ပင်များ။

မလိခူးတောင်တန်းပေါ်၌ ပေါက်ရောက်နေသော မချစ်ပင်ကို ဤသို့တွေ့ရသည်။

မချစ်ပင်များက သာမန်သစ်ပင်များ မပေါက်နိုင်ကြသည့် ရေခဲတောင်များပေါ်၌သာ ပေါက်ရောက်ကြသည်။ ဆီးနှင်းခဲများနှင့် ရေခဲများ အရည်ပျော်သည့်အချိန်၌ လူးလွန့်ထွက်ရှိလာခြင်းဖြစ်သည်။ အနီးကပ်သေချာစွာ လေ့လာကြည့်ရာ မချစ်ပင်၏ အမြင့်မှာ နှစ်ပေခွဲခန့်ရှိသည်။ ဘိန်းပင်နှင့်တူသော်လည်း အရွက်မှာ စပါးနှင့် မြက်ပင်တို့ကဲ့သို့လည်း တူညီသည်။ အပင်ကို ကိုင်တွယ်ကြည့်သည့်အခါ ပင်စည်မှာ လက်သန်းမျှခန့်သာရှိကြောင်း တွေ့ရသည်။ အပွင့်မှာ အဖြူ၊ အနီ၊ အပြာ၊ ခရမ်းနှင့် အဝါရောင်များ ရောထွေးစွာ မြင်တွေ့ရကာ အပွင့်ရင့်ပြီး အသီးများရင့်လာသည်နှင့် အပင်ခြောက်ကာ ပျောက်ကွယ်သွားတတ်သည်။ ထိုသို့သော အပွင့်များကြွေစအချိန်၌ မချစ်ပင်ရင်း မြေကြီးတွင်းမှ မချစ်ဥကို တူးဖော်ရခြင်း ဖြစ်သည်။

မလိခူးတောင်တန်းပေါ်သို့ ဤသို့ တက်ရောက်ခဲ့ကြသည်။

ပုံသဏ္ဌာန်

မချစ်ပင်ခြေရင်းကို တူးဖော်သည့်အခါ မြေကြီးအနက် ခြောက်လက်မမှ တစ်ပေခန့်အထိတူးမှသာ မချစ်ဥကို တွေ့ရသည်။ မချစ်တစ်ပင်လျှင် မချစ်ဥတစ်ဥသာ တွေ့ရသဖြင့် အံ့သြစရာဖြစ်သည်။ မချစ်ဥ ပုံသဏ္ဌာန်မှာ ကြက်သွန်ဖြူဥကလေးများနှင့် တူသဖြင့် ကြက်သွန်ဂမုန်းဟု ခေါ်ကြဟန် တူသည်။

ထူးခြားချက်

မချစ်ဥ၏ ထူးခြားချက်မှာ အခြောက်မခံပါက ရက်ပိုင်းနှင့် ပုပ်သွားတတ်ခြင်းဖြစ်သည်။ ထို့အတူ မချစ်ပင်များကလည်း သက်တမ်း ၁၅ရက်ခန့်သာ ရှင်သန်ကြသည်။ တောင်ပေါ်တွင် ရေခဲများအရည်ပျော်ပြီး အပင်ပေါက်ချိန်မှ ရေတွက်လျှင် အများဆုံး ၁၅ရက်ခန့်သာ ရှင်သန်ကြကြောင်း၊ အသီးရင့်ပြီး အပင်ခြောက်ကာ ပျောက်ကွယ်သွားလေ့ရှိသဖြင့် အပွင့်များကြွေစအချိန်၌ မချစ်ဥကိုရအောင် တူးကြခြင်းဖြစ်ကြောင်း သိရသည်။

မချစ်ဥတူးချိန်မှာလည်း တစ်နှစ်လျှင် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများ၌သာ ရှာဖွေတူးဖော်နိုင်ကြသည်ဖြစ်ရာ မချစ်ဥ တူးဖော်သူတို့ ဤကာလ၌ ရအောင် ရှာဖွေတူးဖော်ကြရလေသည်။ သို့မဟုတ်ပါက အချိန်ကုန်၊ လူပင်ပန်းကာ စားနပ်ရိက္ခာကုန်သည်နှင့်သာ ကြုံရမည်ဖြစ်သည်။

ယခု မိမိတို့ ရှာဖွေတွေ့ရှိရသည့် မချစ်ပင်များမှာ မလိခူးတောင်တန်းပေါ်ရှိ ဂူးဘားရွာမှ အရှေ့မြောက်ဘက် ခုနစ်ရက်ခရီးခန့်အကွာ၌ဖြစ်ရာ လွယ်ကူလှသည် မဟုတ်ချေ။ ကံကောင်းမှ မချစ်ဥနှစ်ပိသာခန့် ရရှိတတ်ပြီး အလွန် ကံကောင်းသူများမှသာ လေးပိသာခန့် ရှိတတ်ကြသည်ဟု ဒေသခံ လမ်းပြတစ်ဦးက ပြောပြသည်။

အမျိုးအစား

မလိခူးတောင်တန်းပေါ်တွင် မချစ်ပင် အမျိုးအစား သုံးမျိုးခန့်ရှိပြီး အနီလပ်မချစ်၊ အနက်ကောင်းမချစ်နှင့် ကူရှားမချစ်ဟူ၍ဖြစ်သည်။ အကောင်းဆုံးမှာ အနီလပ်မချစ်ဖြစ်ပြီး အနက်ကောင်းမချစ်မှာ ဒုတိယ အကောင်းဆုံးဖြစ်သည်။ ကူရှားမချစ်ကား မချစ် အစစ်မဟုတ်ချေ။ မချစ်မျိုး ထက်ဝက်ခန့်သာ ရောယှက်ပါဝင်နေသည့် မျိုးဖြစ်သည်။

မချစ်ဥများတူးပြီး ဂူးဘားရွာသို့ ပြန်ဆင်းလာခဲ့ကြသည်။ အချိန်ကား မွန်းလွဲ ၂နာရီကျော်ခန့်ရှိပြီဖြစ်သည်။

ဗဟုသုတဖြစ်ဖွယ်

"မချစ်ဥကိုတော့ ဒေသခံတွေက ဝမ်းကိုက်၊ ဝမ်းလျှောဖြစ်ရင် မချစ်ဥတစ်လုံးကို ဝါးစားပြီး ရေသောက်လိုက်ရင် ပျောက်ကင်း သွားကြတာပဲ။ ချောင်းဆိုး၊ ရင်ကျပ်ဖြစ်တဲ့အခါ မချစ်ဥကို ပျားရည်နဲ့ သောက်ရင် အမြစ်ပြတ်ပျောက်သလို ထိခိုက်ဒဏ်ရာရရင် အဲဒီမချစ်ဥအမှုန့်ကို အနာပေါ်သိပ်ပြီး ပတ်တီးစည်းထားရင် ပျောက်သွားတတ်တာမို့ အသုံးပြုကြတယ်။ တရုတ်လူမျိုးတွေကတော့ မချစ်ဥကို ပျားရည်နဲ့စိမ်ပြီး စဉ့်အိုးနဲ့ ထည့်၊ မြေကြီးအောက်မှာ သုံးနှစ်လောက် မြှုပ်ထားပြီး တစ်နေ့တစ်လုံး စားသွားရင် အသက်ရှည်နုပျိုကာ အင်အားတိုးပွား ကျန်းမာစေတယ်လို့ ဆိုကြတယ်" ဟု အပြန်လမ်းတွင် လမ်းပြကြီးက ဗဟုသုတဖြစ်ဖွယ် ပြောပြသည်။

မချစ်ဥအစွမ်း

မချစ်ဥ၏ အစွမ်းကား အတော်များသည်။ ထို့ကြောင့် နှစ်စဉ်နှစ်တိုင်း မလိခူးတောင်တန်းပေါ်သို့ မချစ်ဥ ရှာဖွေတူးဖော်သူများ ခက်ခက်ခဲခဲ လာရောက်ကြခြင်း ဖြစ်သည်။ မလိခူးတောင်ကြောပေါ်မှာ တဖြည်းဖြည်းဆင်းလာရာ ညနေဖနောရီတွင် နေရာထိုင်ခင်း ကောင်းရာ နေရာ၌ တစ်ညတာ စခန်းချအိပ်စက်ရာတွင် တော်တော်နှင့် အိပ်မပျော်။ မချစ်ဥ၊ မလိခူးတောင်တန်း၊ မချစ်ဥ ရှာဖွေသူများအကြောင်း အတွေးကား ခေါင်းထဲမှ တော်တော်နှင့် မထွက်တော့ပါချေ။ ။ (မြန်မာ့အလင်း)

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ဘုရားမီး၊အမွှေးတိုင် မီးများနှင့် မီးဖို မီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

(မီးသတ်ဦးစီးဌာန)

မန်ယူတို့ သုံးဂိုးပြတ်သွင်း၍ ချန်ပီယံခြေစွမ်းပြ စကိုလာရီ ခေါင်းငိုက်စိုက်ဖြင့် အိုးထရက်ဖို့ဒ်မှထွက်ခွာရ

ဖောင်ပိတ်အားကစားသတင်း - မောင်ချစ်ကြည်

လန်ဒန် ဇန်နဝါရီ ၁၁

ပရီမီယာလိဂ်ပွဲစဉ်(၂၁)အဖြစ် မန်ယူနှင့် ချယ်လ်ဆီးတို့၏ ဒုတိယအကျော့ ထိပ်တိုက်ရင်ဆိုင်ပွဲကို ဇန်နဝါရီ ၁၁ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ မန်ယူတို့ အိုးထရက်ဖို့ဒ်ကွင်း၌ ချယ်လ်ဆီးကို သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ရာ လက်ရှိ ပရီမီယာလိဂ်ချန်ပီယံဖလားကို ကာကွယ်နိုင်ကြောင်း ပြသနိုင်ခဲ့ပြီဖြစ်သည်။

မန်ယူက ရွန်နေ၊ ဘာဘာတော့ဗ် တိုက်စစ်အတွဲကို စီရိုနယ်ဒို၊ ပတ်ဂျီဆန်၊ ဂစ်၊ ဖလက်ချာတို့က ကွင်းလယ်နှင့် တောင်ပံများက ဝိုင်းဝန်းပံ့ပိုးကာ ချယ်လ်ဆီးနောက်တန်းကို ထိုးဖောက်ကစားခဲ့ရာ ဂိုးသွင်းခွင့်လေးကြိမ်ရရှိပြီး အပိုင်ကန်သွင်းခွင့်နှစ်ကြိမ်ရရှိခဲ့သည်။ ချယ်လ်ဆီးက ဒရော့ဘာကို တိုက်စစ် မြှားဦးထားပြီး ဂျိုးကိုးလ်၊ ဒေကို၊ မီခေးလ်၊ ဘောလက်၊ လမ်းပတ်တို့ဖြင့် တိုက်စစ်ကို အားဖြည့်ပေးခဲ့ရာ ပထမပိုင်း၌ ဂိုးသွင်းခွင့် ငါးကြိမ်ရရှိသော်လည်း အပိုင်ကန်သွင်းခွင့် မရရှိခဲ့ချေ။ မန်ယူအတွက် ၄၃မိနစ်၌ စီရိုနယ်ဒို ခေါင်းတိုက်သွင်းမှု ဂိုးဝင်သော်လည်း ဒိုင်လူကြီးက ဂိုးမပေးခဲ့သဖြင့် မန်ယူတို့ နစ်နာခဲ့သည်။

မန်ယူနှင့် ချယ်လ်ဆီးတို့ပွဲတွင် မန်ယူအတွက် အဖွင့်ဂိုးကို ဗီဒစ် (ဝဲ) ခေါင်းတိုက်သွင်းပြီး ဤသို့ အောင်ပွဲခံခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

သို့သော် ပထမပိုင်းပွဲပြီးခါနီး ၄၅မိနစ်၌ ဂစ် ဂိုးရှေ့တင်ပေးလိုက်သည့် ဘောလုံးကို ဗီဒစ် ခေါင်းတိုက်သွင်းယူလိုက်သဖြင့် မန်ယူတို့ အဖွင့်ဂိုးရရှိခဲ့သည်။

ဒုတိယပိုင်းတွင် ချယ်လ်ဆီးတို့ ချေပဂိုးရရှိရေး အနယ်လ်ကာကိုသွင်းပြီး တိုက်စစ်အရှိန်မြှင့်ခဲ့သော်လည်း ၆၃မိနစ်၌ ချယ်လ်ဆီးဂိုး ခုနစ်ကိုက်အကွာမှ ရွန်နေက မန်ယူအတွက် ဒုတိယဂိုးကို သွင်းယူပေးနိုင်ခဲ့ပြန်သည်။

ချယ်လ်ဆီးတို့ ချေပဂိုး မသွင်းနိုင်ဘဲရှိနေရာ ၈၇မိနစ်၌ဘာဘာတော့ဗ်က ခြောက်ကိုက်အကွာမှ သွင်းယူခဲ့သဖြင့် မန်ယူတို့ တတိယဂိုးရရှိခဲ့ရာ မန်ယူ သမိုင်း၌ ချယ်လ်ဆီးကို ပထမဆုံး သုံးဂိုးပြတ် သွင်းယူနိုင်ခဲ့သည့် မှတ်တမ်းဝင်ခဲ့ သည်။ ချယ်လ်ဆီးနည်းပြ စကိုလာရီလည်း ခေါင်းငိုက်စိုက်ဖြင့် အိုးထရက်ဖို့ဒ်မှ အမှတ်ဗလာဖြင့် ထွက်ခွာသွားခဲ့ရသည်။

မန်ယူနှင့် ချယ်လ်ဆီးတို့ပွဲတွင် မန်ယူအတွက် ဘာဘာတော့ဗ် (အလယ်) ဂိုးသွင်းပြီးနောက် မန်ယူဘောလုံးသမားများ ဤသို့ အောင်ပွဲခံခဲ့ကြသည်။ (အင်တာနက်ဓာတ်ပုံ)

အခြားပွဲရလဒ် ဝီဂန် ၁-၀ စပါး (အင်တာနက်)

ပရီမီယာလိဂ်ပွဲစဉ်(၂၁)အပြီး အသင်းများ၏ ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	လီဗာပူး	၂၁	၁၃	၇	၁	၄၆
၂	ချယ်လ်ဆီး	၂၁	၁၂	၆	၃	၄၂
၃	မန်ယူ	၁၉	၁၂	၅	၂	၄၁
၄	ဗီလာ	၂၁	၁၂	၅	၄	၄၁
၅	အာဆင်နယ်	၂၁	၁၁	၅	၅	၃၈
၆	အဲဗာတန်	၂၁	၁၀	၅	၆	၃၅
၇	ဝီဂန်	၂၀	၉	၄	၇	၃၁
၈	ဟူးလ်စီးတီး	၂၁	၇	၆	၈	၂၇
၉	ဖူလ်ဟမ်	၁၉	၆	၈	၅	၂၆
၁၀	ဝက်စ်ဟမ်း	၂၁	၇	၅	၉	၂၆
၁၁	နယူးကာဆယ်	၂၁	၅	၈	၈	၂၃
၁၂	ဘော်လ်တန်	၂၁	၇	၂	၁၂	၂၃
၁၃	ဆန်းဒါးလန်း	၂၁	၆	၅	၁၀	၂၃
၁၄	ပို့စ်မောက်	၂၀	၆	၅	၉	၂၃
၁၅	မန်စီးတီး	၂၀	၆	၄	၁၀	၂၂
၁၆	မစ်ဒယ်ဘရော့	၂၁	၅	၆	၁၀	၂၁
၁၇	စတုတ်	၂၁	၅	၆	၁၀	၂၁
၁၈	စပါး	၂၁	၅	၅	၁၁	၂၀
၁၉	ဘလက်ဘာန်း	၂၀	၄	၆	၁၀	၁၈
၂၀	ဝက်စ်ဘရွန်း	၂၁	၅	၃	၁၃	၁၈

12-1 (10).pmd 1 1/12/2009, 2:17 AM

အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသော မြို့လပွတ္တာ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း - မော်ကျွန်း-မြင့်အောင်(ပြန်/ဆက်) စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင်(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၁

လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်လာပြီး ဒေသတစ်ခုနှင့်တစ်ခု ထွက်ကုန်ချင်း ဖလှယ်ရောင်းဝယ်မှု လုပ်ငန်းသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။ တစ်ချိန်တည်းတွင် မြို့ရွာများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ယခုအခါ ဧရာဝတီတိုင်း လပွတ္တာမြို့သည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီ ဖြစ်သည်။ လပွတ္တာမြို့သည် ဘင်္ဂလားပင်လယ်အော်၏ တံခါးဝ၊ ပင်လယ်ကုန် ကူးသန်းရောင်းဝယ်ရေး၏ အချက်အချာ ဧရာဝတီတိုင်း နေလှန်းဆားလုပ်ငန်း၏ အဓိကနေရာ ဖြစ်ပေသည်။

ခံစားမိ

လပွတ္တာမြို့သည် ပင်လယ်နှင့်နီးကပ်နေသဖြင့် အပူအအေး မျှတသည်ဟု ပြောရမလား မသိ။ စာရေးသူတို့အဖွဲ့သည် ဒီဇင်ဘာ ၁၁ရက်က လပွတ္တာသို့ ရောက်ရှိစဉ် ဆောင်းရာသီ၏ ပါးပါးလွှာလွှာ အအေးဓာတ်ကိုသာ ခံစားမိ သည်။

နံနက်ပိုင်းမြင်ကွင်းမှာ လပွတ္တာကမ်းနားလမ်းတစ်လျှောက် ကုန်တင်ကားကြီးများဖြင့် ကုန်အတင်အချ ပြုလုပ်နေသူများ၊ ရေလုပ်ငန်း ငါး၊ ပုစွန် အဝယ်ဒိုင်များ၊ ပင်လယ် ထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးဆိုင်များ၊ ကုန်စုံဆိုင်များတွင် ကုန်ရောင်းကုန်ဝယ် ပြုလုပ်နေသူများကို တွေ့ရခြင်းပင်ဖြစ်သည်။

ထို့နောက် သတင်းအဖွဲ့သည် နံနက် ၇နာရီခွဲတွင် ရွှေမြစ်ထဲမှ ရှုမြင်ရသော လပွတ္တာမြို့ ဆိပ်ကမ်းအလှ မြင်ကွင်းကို မှတ်တမ်းတင်လိုသဖြင့် ပွဲထောင်ရေယာဉ်ဖြင့် ရွှေမြစ်ထဲသို့ ထွက်ခဲ့သည်။

အလှချင်းပြိုင်

ရွှေမြစ်သည် ရေသင်ဖြူးခင်းထားသည့်နှယ် လှိုင်းလေမရှိ ပကတိအေးချမ်းနေသည်။ နံနက်ခင်း၏ ဝင်းလက်သော နေရောင်ခြည်က ရွှေမြစ်ပေါ် ကျရောက်နေသဖြင့် ရေအရောင်မှာ ရွှေရောင်နှယ် တဝင်းဝင်း တလက်လက်။ နံနက်ခင်း နေရောင်ခြည်နုနုထွေးထွေးသည် လပွတ္တာမြို့အား လွှမ်းခြုံလျက် အလင်းဓာတ်ပေးနေသည့်အချိန်တွင် ရွှေမြစ်၏အလှနှင့် လပွတ္တာမြို့ ဆိပ်ကမ်းသာအလှတို့မှာလည်း အလှချင်းပြိုင်နေကြသည်။

ရွှေမြစ်ထဲတွင် စက်တပ်ပိုက်လှေ ကိုယ်စီဖြင့် လုပ်ငန်းခွင်ဝင်နေကြသော ရေလုပ်သားအစုအဖွဲ့များကို တွေ့မြင်ရသည်။

ရွှေမြစ်ဆိပ်ကမ်းသာ တစ်လျှောက်တွင် ဆိုက်ကပ်ထားသော ပင်လယ်သွားငါးဖမ်းရေယာဉ်များ၊ ကုန်ရောင်းကုန်ဝယ်ရေယာဉ်များ၊ ခရီးသည်တင်နှစ်ထပ်ရေယာဉ်များ၊ ကျေးရွာများမှ ဆိုက်ကပ်လာသော ရေယာဉ်များဖြင့် ဆိပ်ကမ်းတစ်လျှောက် ပြည့်ကျပ် စည်ကားနေသည်။

အလှဝေဖြာ

စာရေးသူ လွန်ခဲ့သော သုံးနှစ်ခန့်က လပွတ္တာမြို့သို့ တစ်ခေါက် ရောက်ခဲ့ဖူးသည်။ ယခင်လပွတ္တာနှင့် ယခုလပွတ္တာ အကွာကြီး ကွာခြားနေသည်။ မြင်ကွင်းတို့ကလည်း သိသိသာသာ ပြောင်းလဲသွားပြီဖြစ်သည်။ မြို့တွင်းရှုခင်းကို ကြည့်ပါဦး။ နေအိမ် တိုက်တာ အဆောက်အအုံများ၊ သွပ်မိုး၊ ပျဉ်ထောင်အိမ်ကြီး၊ အိမ်ကောင်းများ၊ စနစ်တကျ အကွက်ဖော်ထားသော လမ်းကျယ်ကြီးများနှင့် သစ်ပင်ပန်းမန်များဖြင့် အလှဖြာဝေ သာယာလှပနေသည်။

လပွတ္တာမြို့ထဲ လှည့်ပတ်ကြည့်ရှုရင်း မိမိမျက်စိကိုပင် မိမိမယုံချင်တော့။ အတော်ပင် တိုးတက်သွားချေပြီ။ ဖွံ့ဖြိုးစည်ပင်လျက် ရှိနေပါတော့သည်။ ယခင်တစ်ခေါက်လာရောက်စဉ်က လပွတ္တာသည် မြို့နယ်အဆင့်သာရှိခဲ့ရာမှ ယခုတစ်ခေါက် လပွတ္တာသို့ ရောက်သည့်အခါ လပွတ္တာမှာ ခရိုင်အဆင့် မြို့ကြီးဖြစ်နေပြီ မဟုတ်ပါလား။

ရှင်းလင်းပြောကြား

ထို့ကြောင့်လည်း ခရိုင်အဆင့် မြို့အင်္ဂါရပ်နှင့်အညီ တိုးတက်ပြောင်းလဲသစ်လွင်လှပလာခြင်းဖြစ်သည်။ လပွတ္တာမြို့တစ်ခွင် မြင်ကွင်းများကို ဆိုင်ကယ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာရင်း လမ်းမကြီးတစ်ခု၏ ထောင့်တွင် ခေတ္တရပ်နားလိုက်သည်။ ထိုအချိန်တွင် ဒုတိယဦးစီးမှူး ဦးစိုးမြင့်လှိုင်က ''ဒီလမ်းက စိန်ရတုလမ်းမကြီးလို့ ခေါ်ပါတယ်။ လပွတ္တာမြို့ရဲ့ အဓိက လမ်းမကြီးထဲမှာ ပါဝင်ပါတယ်။ ကတ္တရာလဲခင်းပြီးသွားပါပြီ၊ စည်ကားတဲ့ လမ်းမကြီးတစ်ခုပါပဲ။ ယာဉ်အသွားအလာလဲများပါတယ်''ဟု ရှင်းလင်း ပြောပြသည်။

ထို့နောက် လပွတ္တာမြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသဖြင့် ဦးစိုးမြင့်လှိုင်၏ ဦးဆောင်မှုဖြင့် မြို့မိမြို့ဖ ဦးဝင်းမောင်၏နေအိမ်သို့ ဆိုင်ကယ်ဖြင့် ခရီးဆက်ခဲ့သည်။

သတင်းအဖွဲ့ ရောက်ရှိချိန်တွင် မြို့မိမြို့ဖများ အစုံအညီရောက်ရှိနေကြသည်။ ထို့နောက် နာမည်ကြီး လပွတ္တာ အာပုံမုန့်များနှင့် ထမနဲမုန့်များ စားပွဲရှေ့သို့ ရောက်ရှိလာသည်။

လပွတ္တာရောက်ဖူးသူတိုင်း လပွတ္တာအာပုံမုန့်နှင့်လပွတ္တာ ထမနဲကို နှစ်သက်စွာစားသုံးလေ့ရှိကြသည်။ လပွတ္တာမြို့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို မြို့မိမြို့ဖ ဦးစိုးတင့်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

''လပွတ္တာမြို့နယ်ဟာ မြစ်ဝကျွန်းပေါ်ဒေသ မြေနိမ့်မြေပြန့်မှာ တည်ရှိပါတယ်။ လပွတ္တာမြို့နယ်ရဲ့ အဓိကမြစ်များကတော့ ဧရာဝတီမြစ်၊ သောင်ဒူမြစ်၊ ပြန်မလော့မြစ်၊ ရွှေမြစ်နဲ့ သက္ကယ်သောင်မြစ်တို့ ဖြစ်တယ်။

ယခုဆားကျင်းချောင်းကိုပင်လပွတ္တာချောင်းဟု ခေါ်ခဲ့ကြတယ်။ မြို့အမည်ကို ထန်းပင်ရေကျော်(ခေါ်)လပွတ္တာဟု အမည်ပေး ခေါ်ဝေါ်ကြရာမှ ယခု လပွတ္တာဟု ထင်ရှားလာခြင်းဖြစ်တယ်။ လပွတ္တာမြို့ကို ၁၉၁၈ခုနှစ် ဒီဇင်ဘာ ၂၇ရက်မှစပြီး မြို့အဖြစ်သတ်မှတ်ခဲ့ပါတယ်''ဟု ရှင်းလင်းပြောပြသည်။

တိုးတက်ဖွံ့ဖြိုး

ဆက်လက်ပြီး မြို့မိမြို့ဖဦးတင်ဦးက ''လပွတ္တာမြို့ကို မြို့အင်္ဂါရပ်နဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။ လပွတ္တာမြို့ပေါ်မှာ ဘုရားလမ်း၊ စိန်ရတုလမ်း၊ မြို့မပတ်လမ်းနဲ့ သြဘာလမ်းတို့ကို အခုကတ္တရာ လမ်းခင်းပြီးသွားပါပြီ။ ယခင်ကထက် လမ်းများ ပိုမိုကောင်းမွန်လာလို့ ယာဉ်အသွားအလာ ပိုမိုအဆင်ပြေချောမွေ့ကြပါတယ်။ လပွတ္တာမြို့က အခု ခရိုင်အဆင့် မြို့ဖြစ်သွားတော့ ခရိုင်အဆင့် အင်္ဂါရပ်နဲ့အညီ တိုးတက်ဖွံ့ဖြိုးလာပါတယ်။

မြို့လူထုကတော့ လပွတ္တာကို ခရိုင်အဆင့်သတ်မှတ်ပြီး ဖွံ့ဖြိုးတိုးတက်စည်ပင်မှုတွေ လက်တွေ့မြင်တွေ့ရတော့ ဝမ်းသာနေကြပါတယ်။ ဒါ့အပြင် လပွတ္တာမှာ အောင်မင်္ဂလာလမ်း၊ အောင်သိဒ္ဓိလမ်း၊ လမ်းမတော်လမ်း၊ စည်ပင်သာယာလမ်း၊ ဆိပ်ကမ်းသာလမ်းနဲ့ ကိုးနဝင်းလမ်းတို့လည်းရှိပါတယ်''ဟု ရှင်းလင်းပြောပြသည်။

အရှိန်အဟုန်ဖြင့်

ယခုအခါ လပွတ္တာမြို့သည် ဈေးကွက်စီးပွားရေးစနစ်အရ ပင်လယ်ကုန်ကူးသန်းရောင်းဝယ်ရေးကို အခြေခံ၍ အရေးပါသော မြို့နယ်တစ်ခုဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် လပွတ္တာမြို့မှ မြန်မာပြည်အရပ်ရပ်ရှိ မြို့ကြီးများသို့ အချိန်မရွေး ဆက်သွယ်သွားလာနိုင်သည့် ကုန်းလမ်းနှင့် ရေကြောင်းလမ်း လမ်းနှစ်သွယ်စလုံးရှိနေပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုမှာ အရှိန်အဟုန်ဖြင့် မြန်ဆန်လာခြင်း ဖြစ်ပေသည်။

လပွတ္တာ၏ လမ်းပန်းဆက်သွယ်ရေးအကြောင်း သတင်းအဖွဲ့က သိရှိလိုသဖြင့် မြို့မမြို့ဖ ဦးဝင်းမောင်အား တွေ့ဆုံမေးမြန်းခဲ့သည်။

''လပွတ္တာရဲ့ဂုဏ်ကိုဆောင်တဲ့ အဓိက ဆက်သွယ်ရေး တံတားကြီးကတော့ လပွတ္တာတံတားပဲ ဖြစ်ပါတယ်။ အဲဒီတံတား မတည်ဆောက်မီက ကညင်ကိုင်းကျေးရွာဘက်ကနေ တစ်ဖက်ကမ်းကို ကူးဖို့ဆိုရင် လှေ၊ သမ္ဗန်၊ ဇက်နဲ့ကူးရပါတယ်။ အချိန်လဲကုန် အခက်အခဲလဲ များစွာရှိပါတယ်။ **နိုင်ငံတော်က လပွတ္တာတံတားကြီး ဆောက်လုပ် ပေးလိုက်လို့ နယ်မြေခံပြည်သူတွေ အထူး ဝမ်းမြောက်ဝမ်းသာဖြစ်ကြရပါတယ်။ လပွတ္တာတံတားကြီး တည်ဆောက်ပြီးသွားတော့ သွားလာဆက်သွယ်ရေး အဆင်ပြေ လွယ်ကူသွားပြီဖြစ်ပါတယ်။**

''လပွတ္တာအရှေ့ဘက်မြစ်က ရွှေမြစ်ပါ။ လပွတ္တာကနေ ရေကြောင်းလမ်း အနေဖြင့် လပွတ္တာ-ဝါးခယ်မ-ရန်ကုန် အတွင်းလိုင်းက တစ်ပတ်လျှင်နှစ်ရက်၊ လပွတ္တာ-ကျုံမငေး-ရန်ကုန် အပြင်လိုင်းက တစ်ပတ်လျှင် သုံးရက်၊ လပွတ္တာ-ရန်ကုန်က တစ်ပတ်လျှင် ငါးရက် ပုံမှန် ပြေးဆွဲခုတ်မောင်းနေကြပါတယ်။ ဒါတွေက ရေကြောင်းလမ်းတွေပါ။

''ကားလမ်းအနေနဲ့ကတော့ လပွတ္တာ-ရန်ကုန် နံနက် ၅နာရီတစ်စီး၊ ညဖနာရီ တစ်စီး ထွက်ပါတယ်။ လပွတ္တာ-ပုသိမ်ကတော့ နံနက် ၅နာရီတစ်စီးနဲ့ နံနက် ၁၀ နာရီတစ်စီးထွက်ပါတယ်။ ပုသိမ်ကနေ လပွတ္တာအထိ ကားစီးမယ်ဆိုရင်တော့ နံနက် ၇နာရီတစ်စီး၊ နံနက် ၁၀နာရီတစ်စီး ထွက်ပါတယ်။ လပွတ္တာ-မြောင်းမြကား လမ်းကတော့ လပွတ္တာမှစီးမယ်ဆိုရင် နံနက် ၅နာရီ၊ နံနက် ၇နာရီ၊ နံနက် ၁၀နာရီ၊ မွန်းတည့် ၁၂နာရီနဲ့ မွန်းလွဲ ၁နာရီထွက်ပါတယ်။ မြောင်းမြ-လပွတ္တာကားလမ်းကတော့ နံနက် ၇နာရီ၊ နံနက် ၈နာရီ၊ မွန်းတည့် ၁၂နာရီနဲ့ ညနေ ၃နာရီထွက်ပါတယ်။

''လပွတ္တာကလမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာပြီဆိုတော့ လပွတ္တာမြို့နယ်ထဲက ကျေးရွာပါလိုက်ပြီး ဖွံ့ဖြိုးတိုးတက်နေကြပါပြီ။ လပွတ္တာက ခရိုင်အဆင့်သတ်မှတ်ပြီးကတည်းက လပွတ္တာမြို့နယ်မှာ ရပ်ကွက် ၁၀ရပ်ကွက်နဲ့ ကျေးရွာ အုပ်စု ၁၂၀ အထိ ရှိသွားပါပြီ။ နယ်မြေ ပိုမိုကျယ်ဝန်းလာပါတယ်''ဟု အားပါးတရ ရှင်းလင်းပြောပြသည်။

ရေကောင်းရေသန့်ရရှိရေး

ထို့ပြင် လပွတ္တာတွင် အဓိကမှာ သောက်သုံးရေဖြစ်သည်။ ရေငန်ဒေသဖြစ်သည့်အတွက် သောက်သုံးရေ၊ ရေကောင်းရေသန့်ရရှိရေးအတွက် ဆောင်ရွက်မှုကို သိရှိလိုသဖြင့် မြို့မိမြို့ဖ ဦးဝင်းမောင်နှင့် ဦးတင်ဦးတို့ကို မေးမြန်းခဲ့ပါသည်။

''လပွတ္တာက ရေငန်ဒေသဆိုပေမယ့် သောက်သုံးရေ၊ ရေကောင်း ရေသန့်အတွက် အခက်အခဲ မရှိပါဘူး၊ လပွတ္တာမြို့ပေါ်မှာ မိုးရေလှောင်ကန် ၂၄ကန် ရှိပါတယ်။ အဲဒီကန်ရေတွေကို တစ်မြို့လုံးကို ဖြန့်ဖြူးပေးပါတယ်။ ကန်အများဆုံးရှိတဲ့နေရာကတော့ မြို့မ၇ရပ်ကွက် လပွတ္တာ-မြောင်းမြ ကားလမ်းဘေးမှာ ရှိပါတယ်''ဟု ရှင်းလင်းပြောပြသည်။

အချိန်မှာ နံနက်၁၁နာရီရှိပြီ ဖြစ်သည်။ သတင်းအဖွဲ့မှာ မြောင်းမြသို့ ခရီးဆက်ရပေဦးမည်။

လပွတ္တာ-မြောင်းမြ ကားသည် မွန်းတည့် ၁၂နာရီတိတိတွင် မွန်းတည့်နေပူရှိန်အောက်၌ တရိပ်ရိပ် ပြေးလွှားလျက် ထွက်ခွာခဲ့သည်။ လပွတ္တာမြို့၏ မြင်ကွင်းများသည် အဝေးတစ်နေရာ၌ ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။ ။

လပွတ္တာမြို့ ကမ်းနားလမ်းမကြီးတစ်လျှောက်တွင် ကုန်တင်ကုန်ချကားများဖြင့် စည်ကားလျက်ရှိသည်ကို ဤသို့တွေ့ရသည်။

လပွတ္တာတံတား

လမ်းပန်းဆက်သွယ်ရေးတွင် အချက်အချာကျသော လပွတ္တာတံတားကို ဤသို့ ခံ့ထည်စွာ တွေ့ရသည်။

နိုင်ငံတော်က လပွတ္တာတံတားကြီး ဆောက်လုပ်ပေးလိုက်လို့ နယ်မြေခံပြည်သူတွေ အထူး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရ။ လပွတ္တာတံတားကြီး တည်ဆောက်ပြီးသွားတော့ သွားလာ ဆက်သွယ်ရေး အဆင်ပြေလွယ်ကူသွားခဲ့ပြီ။

ရွှေမြစ်ထဲမှ တွေ့မြင်ရသော ဖွံ့ဖြိုးသာယာ မြို့လပွတ္တာ၏ ရှုမောဖွယ် ဆိပ်ကမ်းအလှ။

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မူလတန်းမှအထက်တန်းအထိ ကျောင်းပေါင်းစုံ ပညာရေး စုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ရက်က အမှတ်(၉၄)ရပ်ကွက် ယုဇနဉယျာဉ်မြို့တော် အထက(၂) ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေ အဖွင့်အမှာစကား ပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

၁၉၆၅ခုနှစ် ရန်ကုန်ဆေးတက္ကသိုလ်(၁) ကျောင်းသားဟောင်းများ အပျော်ခရီးထွက်ကြမည်

ရန်ကုန် ဇန်နဝါရီ ၁၁

၁၉၆၅ခုနှစ်တွင် ရန်ကုန်ဆေးတက္ကသိုလ်(၁)သို့ ဝင်ရောက်ခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ မိတ်ဆုံညစာစားပွဲကို ဇန်နဝါရီ ၂၄ရက်(စနေနေ့) ညနေ ဖြနာရီခွဲ၌ ဗဟန်းအားကစားကွင်းအနီး M-3 Food Centre ၌ ကျင်းပမည်ဖြစ်သည်။

ဇန်နဝါရီ၂၅ရက် (တနင်္ဂနွေနေ့)တွင် ဆေးသုတေသနဦးစီးဌာနရှေ့တွင် စုရပ်ပြု၍ နံနက်၇နာရီတွင် ပဲခူးမြို့သို့ အပျော်ခရီးထွက်ကြမည်ဖြစ်ရာ Dinner နှင့် Trip အတွက် ဒေါက်တာကျော်မင်း ဖုန်း-၀၉-၅၁-၃၆၇၀၃၊ ၃၈၀၁၂၉၊ ဒေါက်တာလှိုင်စိုးဝယ် ဖုန်း-၂၂၃၃၀၄-CL၊ ၅၀၀၉၂၀၊ ဒေါက်တာဝင်းမောင် ဖုန်း-၀၉-၅၀-၂၂၇၁၈၊ ဒေါက်တာ သိန်းဝင်းနိုင် ဖုန်း-၀၉-၅၁-၄၉၀၂၆၊ ဒေါက်တာမောင်မောင်မြင့် ဖုန်း-၅၁၃၀၇၂၊ ဒေါက်တာလွဲလွဲရီ ဖုန်း-၀၉-၅၁-၃၅၅၉၇၊ ဒေါက်တာနုနုမော် ဖုန်း-၀၉-၈၀-၃၂၈၅၆၊ ၅၃၈၄၅၆၊ ဒေါက်တာခင်ဝင်းကြူ ဖုန်း-၀၉-၅၀-၀၆၇၃၀၊ ၂၅၆၃၇၇၊ ဒေါက်တာချိုချိုမြင့် ဖုန်း-၀၉-၅၀-၀၇၀၉၃၊ ဒေါက်တာမြင့်မြင့်လွင် ဖုန်း-၀၉-၅၀-၀၃၇၈၀၊ ၅၃၄၂၀၂၊ ဒေါက်တာ ခင်မြတ်ထွန်း ဖုန်း-၀၉-၅၁-၃၆၇၁၀၊ ဒေါက်တာခင်မီဟန် ဖုန်း-၅၁၉၁၂၊ ဒေါက်တာ ခင်ခင်သက် ဖုန်း-၀၉-၅၀-၁၄၁၇၁၊ ၅၁၉၂၅၉၊ ဒေါက်တာရီရီမြင့် ဖုန်း-၂၂၇၃၅၉တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းကြရန်နှင့် သီးခြားဖိတ်စာများ ပေးပို့ခြင်းမရှိဘဲ အားလုံးအချိန်မီ လာရောက်ကြရန် နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ကလေးဆေးရုံကြီးသို့ ဆန်အိတ်နှင့် နို့မှုန့်များလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်ကလေးဆေးရုံကြီးတွင် တက်ရောက်ကုသနေသော လူနာများ အာဟာရဖြည့်တင်းရန်အတွက် MO ASIA Co.,Ltd. (DUMEX)မှ ငွေကျပ်၁၂သိန်းတန်ဖိုးရှိ ဆန်အိတ်နှစ်အိတ်နှင့် DUMEX နို့မှုန့်များ လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၉ရက်က ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ MO ASIA Co., Ltd. (DUMEX) မှ ဒေါ်ဖြူတီကြည်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ငွေကျပ် ၁၂သိန်းတန်ဖိုးရှိ ဆန်အိတ်နှစ်အိတ်နှင့် DUMEX နို့မှုန့်များကို လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(မြန်မာ့အလင်း)**

စလင်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၁

စလင်းမြို့နယ်အသင်း (ရန်ကုန်)၏ ၂၀၀၉ခုနှစ် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးအပ်ပွဲနှင့် ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနားကို ဇန်နဝါရီ၂၅ရက်နံနက်စနာရီတွင် ရန်ကုန်မြို့ အာဇာနည်လမ်း ဟိုတယ်/ခရီး (စားဖျော်) မွှော်ရုံတွင်ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များနှင့်မဝင်ရသေးသူများပါ တက်ရောက်ကြရန်နှင့် အသက် ၇၅နှစ်ပြည့်ပြီး အသင်းဝင်များ၊ ၂၀၀၈ခုနှစ် အခြေခံပညာ အထက်တန်းအောင် ဂုဏ်ထူးရအသင်းဝင် သားသမီးများ၏ အမည်စာရင်းနှင့် အလှူငွေများကို ဥက္ကဋ္ဌ ဦးကျော်နိုင် ဖုန်း-၇၂၅၇၁၇၊ ဒေါ်ရီရီ ဖုန်း-၅၅၄၀၈၉၊ ဒေါ်ညိုညို ဖုန်း-၆၆၅၆၂၇၊ ဦးစန်းညိုအောင် ဖုန်း-၆၈၁၀၄၄၊ ၆၈၁၂၃၀၊ ဦးလင်းသက်မော် ဖုန်း-၀၉-၅၁-၁၇၂၉၉၊ ဒေါ်မေခင်ညွှန့် ဖုန်း-၅၅၇၄၆၅တို့နှင့် အမှုဆောင်များထံ ဇန်နဝါရီ ၁၈ရက် နောက်ဆုံးထား စာရင်းပေးပို့နိုင်ကြောင်းနှင့် အသင်းမဝင်ရသေးသူများ အသင်းဝင်ရောက်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တောင်ကုတ်-ပန်းတောင်းလမ်းပေါ်ရှိ ရဲနန္ဒာကန်ဆိုင်းဘုတ်ဝန်းကျင်တွင် ပန်းအလှပင်များ စိမ်းလန်းစိုပြည်စွာ ဖြစ်ထွန်းစေရေးအတွက် အဖွဲ့ဝန်ထမ်းများနှင့်အတူ အမှုဆောင်အရာရှိ ဦးလှဖော်ဇံက ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။(မြို့နယ်စည်ပင်)

မြန်မာ့အလင်း

သဘာဝဘေး အင်တာနက် ဟောင်ပိတ်သတင်း

အင်ဒိုနီးရှား၌ မုန်တိုင်းမိပြီး ကူးတို့သင်္ဘောနစ်မြုပ် ခရီးသည် ၂၄၀ကျော် ပျောက်ဆုံး၊ ရှစ်ဦးသာ ကယ်ဆယ်နိုင်

ဂျကာတာ ဇန်နဝါရီ ၁၁

အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်းတွင် ဇန်နဝါရီ ၁၁ရက် မွန်းလွဲပိုင်းက မုန်တိုင်းမိပြီး ခရီးသည်တင် ကူးတို့သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ကြောင်း အင်ဒိုနီးရှား အရာရှိများက ပြောကြားသည်။

လှိုင်းလုံးကြီးများ ရိုက်ခတ်ခံရ

အဆိုပါ ကူးတို့သင်္ဘောမှာ ခရီးသည် ၂၅၀နှင့် သင်္ဘောဝန်ထမ်း ၁၇ဦးတို့ကို တင်ဆောင်ပြီး ဆူလာဝေစီပြည်နယ် ဆူလာဝေစီမြို့မှ ကာလီမင်တန်ကျွန်းသို့အသွား မုန်တိုင်းမိပြီး ခုနစ်ပေခန့် လှိုင်းလုံးကြီးများ ရိုက်ခတ်ခံရမှုကြောင့် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။

ကူးတို့သင်္ဘော နစ်မြုပ်ရာ၌ လောလောဆယ် ရှစ်ဦးသာကယ်ဆယ်နိုင်သေးကြောင်း၊ ကျန်လူများကို ကယ်ဆယ်ရေးအဖွဲ့များက အမြန်ရေယာဉ်များ အသုံးပြု၍ ရှာဖွေကယ်ဆယ်မှုများ ပြုလုပ်လျက်ရှိကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။ (အင်တာနက်)

ဖီဂျီ၌ မုန်တိုင်းတိုက်ခတ် ခြောက်ဦးသေဆုံး နေအိမ်များပျက်စီး

ဒီနာရူ ဇန်နဝါရီ ၁၁

ဖီဂျီနိုင်ငံ ဒီနာရူကျွန်းတွင် ဇန်နဝါရီ ၁၁ရက် နံနက်က မုန်တိုင်းတိုက်ခတ်သဖြင့် ခြောက်ဦးသေဆုံးပြီး နေအိမ်အများအပြား ပျက်စီးခဲ့ရကြောင်း ဖီဂျီနိုင်ငံ မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

တစ်နာရီ မိုင်၈၀နှုန်းတိုက်ခတ်သော မုန်တိုင်းကြောင့် ပင်လယ်တွင် ၁၅ပေခန့်မြင့်သောရေလှိုင်းကြီးများ ဖြစ်ပေါ်ခဲ့ပြီး ကမ်းခြေကိုအရှိန်ဖြင့်ရိုက်ခတ်ခဲ့ရာ ကမ်းခြေဒေသတွင် နေထိုင်သော ဒေသခံ ထောင်ပေါင်းများစွာ ဘေးကင်းရာသို့ ထွက်ပြေးခဲ့ရသည်။ မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ အချို့နေရာများ၌ ရေလွှမ်းလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖီဂျီအရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

မြောင်းမရှိ၍ ကတ္တရာလမ်းပေါ် ရေများစီးဆင်းနေ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ၁၆ရပ်ကွက် ပြည်သာယာဆေးရုံလမ်းပေါ်ရှိ အိမ်တစ်အိမ်သည် အရှည်ပေ ၁၀၀ခန့်ရှိသောရေစီးမြောင်းကိုပိတ်ဆို့မြေဖို့ပြီး သစ်ပင်များကို စိုက်ပျိုး ထားသဖြင့် ရေစီးမြောင်းမရှိတော့ဘဲ ကတ္တရာလမ်းပေါ် မိုးရေများစီးဆင်းနေပါ၍ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ရေစီးရေလာကောင်းစေလိုသူ**

ရွှေဘို-ညောင်ပင်သာ-ရေဦးလမ်း ပြုပြင်ပေးပါ

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်း ရွှေဘို-ညောင်ပင်သာ-ရေဦး လမ်းမကြီးသည် အချို့နေရာများတွင် ပျက်စီးကာ ခရီးသွားများ ခက်ခဲစွာ သွားလာနေရပါသဖြင့် သက်ဆိုင်ရာမှ ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းကောင်းစေချင်သူ

စည်းကမ်းမဲ့စွာ အပြိုင်စွန်လွှတ်နေ

စာတည်းရှင်-

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်သိန်းတင် လမ်းမတစ်လျှောက်တွင် နံနက်နှင့်ညနေပိုင်းတို့တွင် စည်းကမ်းမဲ့စွာ အပြိုင်အဆိုင် စွန်လွှတ်ကစားနေကြသူများကြောင့် လမ်းသွားလမ်းလာများ အနှောင့်အယှက်ဖြစ်ခြင်း၊ ထိခိုက်မိခြင်း၊ လမ်းမဝဲယာဓာတ်ကြိုးများ၊ သစ်ပင်များတွင် စွန်နှင့်စွန်ကြိုးများ တွယ်ငြိနေခြင်းများမှာ ကြည့်ရှု၍ မကောင်းခြင်း၊ စွန်လိုက်ခြင်းကြောင့် ယာဉ်တိုက်မှုများဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် စည်းကမ်းမဲ့ စွန်လွှတ်ကစားကြသူများအား တားမြစ်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသွားလမ်းလာများ**

စည်ပင်မြေကျူးကျော် အုတ်ပေါင်ခတ်၍ လမ်းပိတ်ဆို့နေ

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၉)ရပ်ကွက်တွင် ကား၊ လူ၊ ဆိုက်ကား အဝင်အထွက်များသော မာလာမြိုင်လမ်းနှင့် အောင်သပြေလမ်းထောင့်ရှိ ပုဂ္ဂလိကမူကြိုတစ်ခုသည် မြက်ခင်းအလှစိုက်ရန် မာလာမြိုင်လမ်း စည်ပင်မြေပေါ်၌ ကတ္တရာလမ်းအထိ အုတ်ပေါင်ခတ်ထား၍ လမ်းပိတ်ဆို့စေပါသောကြောင့် လိုအပ်သလို ဆောင်ရွက်ပေးပရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး သမိန်ဗရမ်းလမ်း ပင်စည်ဈေးထိပ်ရှိ ကျူးကျော်ဆိုင်ခန်း အိမ်သာများမှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင် နေထိုင်သူများ ကျန်းမာရေးကို ထိခိုက်ရပါသဖြင့် ယင်းအိမ်သာများအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးများမခံနိုင်သူ

စားသောက်ဆိုင်မှ မီးစက်သံ ဆူညံ

စာတည်းခင်ဗျား-

မုံရွာမြို့ ရုံးကြီးရပ်ကွက် ဘုရားကြီးလမ်းပေါ်ရှိ လေသာလမ်းသွယ်နှင့် ဈေးလမ်းအတွင်း စားသောက်ဆိုင်တစ်ဆိုင်သည် မီးစက်ကို နေ့ရောညပါ အသံကျယ်လောင်စွာ ဖွင့်ခြင်းကြောင့် ပတ်ဝန်းကျင်နေသူများမှာ နားမခံနိုင်အောင် ဖြစ်ရပါသဖြင့် ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ နားမခံနိုင်သူ

ကျွန်းကလေးလမ်းဆုံ စည်းကမ်းမဲ့ဆိုင်များ လမ်းဘေးဈေးသည်များ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ပဲခူးတိုင်း သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျွန်းကလေးလမ်းဆုံရှိ စားသောက်ဆိုင်အချို့နှင့် လမ်းဘေးဈေးသည်ဆိုင်တန်းများသည် စည်ပင်သာယာ နယ်နိမိတ်ကိုကျော်လွန်၍ ကားလမ်းမပေါ်၌ စားပွဲကုလားထိုင်များ ခင်းကျင်းပြီး စည်းကမ်းမဲ့ ဈေးရောင်းချခြင်းကြောင့် မော်တော်ယာဉ်မောင်းနှင်သူများနှင့် ခရီးသွားပြည်သူများအား စိတ်အနှောင့်အယှက် ဖြစ်ရပါသည်။ သို့ပါ၍ အဆိုပါ ဈေးဆိုင်များကို ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ယာဉ်မောင်းတစ်ဦး

ဆူညံသံနှင့် အနံ့ဆိုးများ တားမြစ်ပေးပါ

စာတည်းခင်ဗျား-

အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက် အောက်မင်္ဂလာဒုံလမ်းတွင် ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော ပုလင်းဆေးလုပ်ငန်းမှ ရေစက်မောင်းသံများ နေ့ညမပြတ် ဆူညံနေခြင်း၊ အိမ်သာများမှ မိလ္လာရေများ လျှံကျပြီး အနံ့ဆိုးများထွက်နေခြင်းတို့ကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ၏ ကျန်းမာရေးကို ထိခိုက်နိုင်ပါသဖြင့် လိုအပ်သလို ကြပ်မတ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

ပုသိမ်-ဟင်္သာတ-ကြံခင်းကားလမ်း ကတ္တရာလမ်းမကြီး ဖြစ်စေလို

စာတည်းခင်ဗျား-

ဧရာဝတီတိုင်းအတွင်းရှိ ပုသိမ်-ဟင်္သာတ-ကြံခင်းကားလမ်းသည် အရေးပါသော လမ်းမကြီးဖြစ်ရာ ယခုအခါလမ်းမှာရာသီဥတုဒဏ်ကြောင့် ပျက်စီးနေပါသဖြင့် ပြုပြင်ပြီး ကတ္တရာလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ပေးပါရန် တင်ပြအပ်ပါသည်။ **ဟင်္သာတသား**

စည်းကမ်းမဲ့ အမှိုက်များ စွန့်ပစ်နေ

စာတည်းရှင်-

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ၂၉ရပ်ကွက် သုဝဏ္ဏမြို့ မီးဒုံး(၆)လမ်းထိပ်တွင် အမှိုက်ကားမလာ၍ အမှိုက်များနှင့် အညစ်အကြေးများ စည်းကမ်းမဲ့စွန့်ပစ်နေကြသောကြောင့် အနီးဝန်းကျင်ရှိ လူနေအိမ်များမှာ ကျန်းမာရေးထိခိုက်ပြီး လူသွားလမ်းများတွင် အမှိုက်များပိတ်ဆို့နေပါသဖြင့် လိုအပ်သလို စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

မီးဒုံးလမ်းသူ

ကွမ်းရွက်ဆိုင်များစည်းကမ်းရှိရေး ဆောင်ရွက်ပြီးစီး

၈-၁၂-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မုံရွာမြို့ ချင်းတွင်းရတနာဈေးသစ်ကြီး၏ အရှေ့ဘက်ဆုံးအဆောင် အပေါ်ထပ်ရှိ ရုံ (၂၀၊ ၂၁၊ ၂၂) ကွမ်းရွက်ဆိုင်များ စည်းကမ်းရှိစေလို**ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ရေမြောင်းပုပ်အနံ့ဆိုးများ ရှင်းလင်းပြီးစီး

၁၀-၁၁-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကလေးမြို့ လေယာဉ်ကွင်းမြောက်ဘက်တိုက်တန်းရှိ လက်ဘက်ရည်ဆိုင်မှ အညစ်အကြေးများ ရေမြောင်းအတွင်း စွန့်ပစ်၍ ရေမြောင်းပုပ်အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

EC ပညာရှိပ်သာ နွေရာသီ မြန်မာစာ စာစီစာကုံး သင်တန်း

■ အလယ်တန်း - Grade 6, 7, 8, 9 ■ အထက်တန်း - Grade 10, 11

■ စာစီစာကုံးကို တကယ်လက်တွေ့ ရေးတတ်အောင် [illegible] Assignment [illegible]

■ ပို့ချမည့်ဆရာ - ဆရာဦး[illegible] (မြန်မာစာ) အငြိမ်းစား မြန်မာစာတွဲဖက်ပါမောက္ခ

EC (I) [illegible] ရန်ကုန်မြို့ EC (II) [illegible]

ဖုန်း - [illegible]

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၉)ဖြင့် သုဓမ္မာသီင်္ဂီဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသော **ဒေါ်စန်းစန်းမော်** (ဒါရိုက်တာ၊ စံပြရွှေငါးကုမ္ပဏီလီမိတက်) အား လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးငြိမ်း- သုဓမ္မမဏိဇောတဓရ ဒေါ်အုံးကြင်

OK ဆန်နှင့်အထွေထွေ ရောင်းဝယ်ရေးမိသားစု။

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၉) ဖြင့် သုဓမ္မာသီင်္ဂီဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသော **ဒေါ်စန်းစန်းမော်** (ဒါရိုက်တာ၊ စံပြရွှေငါး ကုမ္ပဏီလီမိတက်)အား လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ကိုငွေးလွင်-မဝင်းဝင်းမော်

အောင်ရတနာသိဒ္ဓိပွဲရုံနှင့် ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်ရေးမိသားစု။

အောင်သီဟ ပန်းတမော့ကျောက်ဆစ်လုပ်ငန်း

* ပြင်ဦးလွင်မြို့၊ **မဟာအံ့ဖွယ်ထူးကဲသာ** မြတ်စွာဘုရားကြီးကို ထုလုပ်ခဲ့သော မန္တလေးမြို့ရှိ **အောင်သီဟ**ပန်းတမော့ ကျောက်ဆစ်ပင်ရင်းမှ ရန်ကုန်မြို့တွင် **အောင်သီဟ** ပန်းတမော့ဆိုင်ခွဲကို ဖွင့်လှစ်ထားပါသည်။

* ကျောက်ဆင်းတု၊ ကြေးဆင်းတု၊ တရားဟောပလ္လင် သီဟာသနနှစ်ထပ်ပန်းပလ္လင်များကို မန္တလေးဈေးနှုန်းအတိုင်း ရောင်းချပေးနေပါသည်။

ဝယ်ယူအားပေးကြသော မိတ်ဟောင်းမိတ်သစ်များကို အထူးကျေးဇူးတင်ရှိပါသည်။

ပင်ရင်းဆိုင် ➤ အမှတ် ၅၀၊ အကွက်(၅၀၆)၊ ကျောက်ဆစ်တန်း၊ မန္တလေးမြို့။ ဖုန်း-၀၂-၇၀၅၀၃၊ ၀၉-၂၀-၂၄၂၆၂

ရန်ကုန်ဆိုင်ခွဲ ➤ အမှတ် ၉၅၊ အနောက်ရွှေဂုံတိုင်လမ်း၊ ယုဇနဟိုတယ်အနီး။ ဖုန်း-၀၉-၂၀-၁၀၉၄၂။

အမွေစားအမွေခံသမီးအဖြစ်မှစွန့်လွှတ်ခြင်း

မအိအိခိုင် မှတ်ပုံတင်အမှတ် ၁၂/အလန(နိုင်)၀၀၈၀၀၂သည် မိခင်ကြီး၏ ဆိုဆုံးမမှုကို မနာယူဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် ယနေ့မှစ၍ အမွေစားအမွေခံ သမီးအဖြစ်မှစွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စဟူသမျှကို လုံးဝတာဝန်မယူပါ။

မေးမြန်းခြင်းသည်းခံပါ။
ဒေါ်ကြည်ကြည်(မိခင်)
၁၂/အလန(နိုင်)၀၃၀၈၀၈။

စမ်းချောင်း(မင်းလမ်း) တရားစခန်းဖွင့်မည်

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ ဉာဏ်မြင်သမထဝိပဿနာ အလုပ်ပေးတရားတော်မြတ်ကြီးကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဇန်နဝါရီ ၁၅ရက်မှ ၂၄ရက်အထိ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအတွင်း စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ် ၁၄၊ ဒုတိယထပ်တွင် ဓမ္မဒါနပြုလုပ်မည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ပြီး ဖုန်း-၅၁၉၀၉၆ သို့ဆက်သွယ်နိုင်ပါသည်။

(လစဉ် ၁၅ရက်မှ ၂၄ရက်အထိ ကျင်းပနေပါသည်။)

ပေါင်းတည်အသင်း နှစ်ပတ်လည် အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၁

ပေါင်းတည်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို အလုံမြို့နယ် အလုံလမ်းနှင့်ကမ်းနားလမ်းဘက်ရှိ ပါဠိတက္ကသိုလ် ဇမ္ဗူရတနာကျောင်းမွှောရုံ၌ ဇန်နဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် အသက်(၇၅)နှစ် အထက်အသင်းဝင်များ၊ အသက်(၉၀)အထက် ဘိုးသက်ရှည်ဘွားသက်ရှည်များ ၂၀၀၈ခုနှစ်တွင်သူငယ်တန်းမှ နဝမတန်းအထိ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်သားသမီးများ စာရင်းကို အထောက်အထားပြည့်စုံစွာဖြင့် ဥက္ကဋ္ဌဦးကျော်ဝင်း ဖုန်း-၆၆၇၆၃၀၊ ဒုတိယဥက္ကဋ္ဌ ဦးလှစော ဖုန်း-၅၂၇၀၅၉၊ ဒုတိယ ဥက္ကဋ္ဌ ဦးသောင်းလွင် ဖုန်း-၃၇၆၇၄၂၊ အတွင်းရေးမှူး ဦးအောင်မြင့် ဖုန်း-၀၉-၅၀-၆၄၅၄၄တို့သို့ ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား ဆက်သွယ်ကြရန်နှင့် အမှုဆောင်အဖွဲ့တွင် စိတ်ပါဝင်စား၍ ပါဝင်ဆောင်ရွက်လိုသူများသည် ဇန်နဝါရီ ၂၄ ရက်မတိုင်မီ နောက်ဆုံးထား၍ ဆန္ဒပြုကြရန် နိုးဆော်ထားကြောင်းသိရသည်။

(မြန်မာ့အလင်း)

မြောက်ဥက္ကလာပ၌ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ၂၀၀၉ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ အခမ်းအနားဖွင့်ပွဲကို ကာကွယ်ဆေးတိုက်ကျွေးရေးစုရပ် မေတ္တာဦးမွှောရုံ၌ ဇန်နဝါရီ ၁၀ရက် နံနက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်၊ ရန်ကုန်တိုင်း ဒုတိယတိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဒေါ်စန္ဒာ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ဦးဦးနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆွေးနွေးဟောပြော

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်**(အပေါ်ပုံ)**နှင့် တာဝန်ရှိသူများက ပိုလီယိုရောဂါကာကွယ်ဆေးများကို ကလေးသူငယ်များအား စနစ်တကျတိုက်ကျွေးကြပြီး ကလေးမိခင်များသို့ ပိုလီယိုရောဂါအကြောင်း ကျန်းမာရေးပညာပေး ဆွေးနွေးဟောပြောသည်။ (၁၁၈)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၉)ဖြင့် **သုဓမ္မာသီင်္ဂီဘွဲ့တံဆိပ်** ချီးမြှင့်ခြင်းခံရသော **ဒေါ်တင်နု(ရုပ်ပျိုတိုင်းရင်းဆေး၊ ရွှေဘိုမြို့)** အတွက် ဝမ်းမြောက် ဝမ်းသာစွာဖြင့် ဂုဏ်ယူပါကြောင်း။

ဒေါက်တာ ဦးစံတင်အောင်(ရွှေဘို)မိသားစု။

ယနေ့ မီးကြိုတင်ကာကွယ်ရေးသည် နက်ဖြန် မီးဘေးလုံခြုံရေး ဖြစ်သည်

ဇန်နဝါရီ ၁၀ရက်က အလုံမြို့နယ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဖွင့်ပွဲကို မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဝင်းမြင့်က ငါးနှစ်အောက်ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးစဉ်။ (မြန်မာ့အလင်း)

12-1 (13).pmd 1 1/12/2009, 2:17 AM

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အင်တာနက် သတင်း အတို အထွာ

➤ ***ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံဟောင်း ဟိုလီဖီးလ်က မိမိအနေဖြင့် အသက် ၄၆နှစ် ရှိပြီဖြစ်သော်လည်း လက်ဝှေ့ကြိုးဝိုင်းအတွင်းမှ ထွက်ဦးမည် မဟုတ်ကြောင်း၊ မကြာမီက ရှုံးနိမ့်ခဲ့သော နီကိုလီဗာလူဗ်နှင့် လာမည့် ဖေဖော်ဝါရီ နောက်ဆုံးသီတင်းပတ်၌ ပြန်လည် ထိုးသတ်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။***

➤ *မန်စီးတီးနည်းပြ မာ့စ်ဟူချ်က ဇန်နဝါရီ အပြောင်းအရွှေ့ ဈေးကွက် ကာလပြီးလျှင် မန်စီးတီးအသင်း၏ ခြေစွမ်းကို အံ့သြဖွယ်ရာ တွေ့မြင်ရမည် ဖြစ်ကြောင်း၊ ပွဲတိုင်း အနိုင်ကစားကာ တန်းစီဇယားထိပ်ဆုံး ငါးသင်း အဆင့်ဝင်အောင် ကြိုးစားပြမည်ဖြစ်ကြောင်း ပြောကြားသည်။ သို့သော် မန်စီးတီးကလပ်ပိုင်ရှင်များက နည်းပြအသစ်ရှာနေပြီး မော်ရင်ဟိုကို အဓိကပစ်မှတ်ထားနေကြောင်း သိရသည်။*

➤ *ယခုနှစ် စီးရီးအေဖလားကို အင်တာမီလန်အသင်း ရရှိရန် အခွင့် အလမ်းများကြောင်း၊ အင်တာမီလန်အသင်းသည် ကစားအား၊ ကစားသမား အကောင်းဆုံးနှင့် အတောင့်တင်းဆုံး အနေအထားရှိကြောင်း၊ ချန်ပီယံလိဂ် ပွဲစဉ်အဖြစ် မန်ယူနှင့်ပွဲတွင်လည်း အင်တာမီလန်အသင်း အနိုင်ရမည်ဟု ထင်ကြောင်း ဘရာဇီးလ်နှင့် အေစီမီလန်တိုက်စစ်မှူး ရော်နယ်ဒင်ဟိုက ပြောကြားသည်။*

➤ ***အီရန်အသင်းနှင့် တရုတ်လက်ရွေးစင် ဘောလုံးအသင်းတို့ အီရန်နိုင်ငံ တီဟီရန်မြို့၌ ဇန်နဝါရီ ၁၀ရက်က ချစ်ကြည်ရေးဘောလုံးပွဲ ယှဉ်ပြိုင် ကစားရာ အီရန်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အီရန် အသင်းသည် ပထမပိုင်း၌ နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့ပြီး တရုတ် အသင်းက ဒုတိယပိုင်း ဖိဖိစီးစီးမှသာ ချေပဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။***

➤ ***စပိန်ဒေးဗစ်ဖလား တင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် စပိန် တင်းနစ်အကျော်အမော် ဖာနန်ဒိုဗာဒါစကိုသည် နယ်သာလန် တင်းနစ် ကစားသမား ရာဒတ်စတီပါနက်စ်နှင့် ရင်ဆိုင်ရမည်ဖြစ်ရာ မိမိအနေဖြင့် ဒေးဗစ်ဖလားသာမက နိုင်ငံတကာ ဖိတ်ခေါ်အိုးပင်းတင်းနစ်ပြိုင်ပွဲများ၌ ဖလားလေးလုံးအထိရရှိအောင် ကြိုးစားသွားမည်ဟု ထုတ်ဖော်ပြောကြား သည်။***

➤ *တရုတ်နိုင်ငံအလယ်ပိုင်း ချန်ရှာမြို့တွင် ဇန်နဝါရီ ၁၀ရက်က ကျင်းပသည့် ကမ္ဘာ့စားပွဲတင် တင်းနစ်ချန်ပီယံပြိုင်ပွဲ တစ်ဦးချင်းပြိုင်ပွဲ၌ တရုတ်တစ်နိုင်ငံတည်းသား မာလင်းနှင့်ဝမ်ဟောင်တို့ အကြိုဗိုလ်လုပွဲ၌ ပြန်လည်တွေ့ဆုံကြမည်ဖြစ်သည်။ ထို့အတူ အကြိုဗိုလ်လုပွဲ၌ ဂျာမနီ အသင်းမှ တီမိုဘိုလ်နှင့် ဆွီဒင်မှ ဂျော်ဂျင်ပါဆင်တို့ ယှဉ်ပြိုင်ကစားကြ မည်ဖြစ်သည်။*

ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲ မူရာရေးဗိုလ်စွဲ

အဘူဒါဘီ ဇန်နဝါရီ ၁၁

ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဇန်နဝါရီ ၁၀ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ လက်ရှိချန်ပီယံ အင်ဒီမူရာရေးက နာမည်ကြီးရော်ဂျာဖက်ဒဲရားကို အနိုင်ကစားပြီး ကာတာအိုးပင်း တင်းနစ်ဖလား ဆွတ်ခူးသွားနိုင်ခဲ့သည်။

ရယူနိုင်ခဲ့

မူရာရေးသည် ဗိုလ်လုပွဲ၌ ရော်ဂျာဖက်ဒဲရားအား ၆-၇(၆-၈)၊ ၆-၂၊ ၆-၂ဖြင့် အနိုင်ကစားပြီး ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ မူရာရေးသည် ပြီးခဲ့သည့်နှစ်ကလည်း ကာတာအိုးပင်းတင်းနစ်ဖလားကို ရယူနိုင်ခဲ့သူဖြစ်သည်။

(အင်တာနက်)

ဒဗလျူဘီစီဟဲဗီးဝိတ် ချန်ပီယံစိန်ခေါ်ပွဲ ကလစ်ရှုကိုနှင့် ဂိုမက်ဇ်တို့ ထိုးသတ်ကြမည်

လန်ဒန် ဇန်နဝါရီ ၁၁

ကမ္ဘာ့လက်ဝှေ့ကောင်စီ(ဒဗလျူဘီစီ)၏ဟဲဗီးဝိတ်ချန်ပီယံဗီတာလီကလစ်ရှုကို သည် လာမည့်မတ်လ၌ စိန်ခေါ်သူ ဂျွန်မန်နူရယ်ဂိုမက်ဇ်နှင့် ယှဉ်ပြိုင်ထိုးသတ်မည် ဖြစ်ကြောင်း ဇန်နဝါရီ ၁၀ရက်၌ ထုတ် ဖော်ပြောကြားသည်။

ချန်ပီယံကာကွယ်ပွဲ

ဗီတာလီကလစ်ရှုကိုသည် ပြီးခဲ့သည့် ဒဗလျူဘီစီဟဲဗီးဝိတ်ချန်ပီယံဆမ်ပီတာကို အလဲထိုးအနိုင်ယူခဲ့ပြီး ချန်ပီယံဖြစ်လာခဲ့ သူဖြစ်သည်။ ယခုစိန်ခေါ်သူ ဂိုမက်ဇ်နှင့် ထိုးသတ်မည့်ပွဲမှာ ၎င်း၏ပထမဆုံးဒဗလျူဘီစီဟဲဗီးဝိတ် ချန်ပီယံကာကွယ်ပွဲပင်ဖြစ်သည်။

(အင်တာနက်)

မြို့ခံပြိုင်ဘက် လက်ဝှေ့ကျော် ဝိန်းအယ်လ်ကွတ်ခ်နှင့် မက်ကလင် ဖြိုတိသျှ မစ်ဒယ်ဝိတ်သရဖူအတွက် ယှဉ်ပြိုင်ထိုးသတ်မည်

လန်ဒန် ဇန်နဝါရီ ၁၁

လက်ဝှေ့သမား ဝိန်းအယ်လ်ကွတ်ခ်သည် ၎င်း၏ ဗြိတိသျှမစ်ဒယ်ဝိတ် သရဖူကို ကာကွယ်ရန် မတ် ၁၄ရက်တွင် ဘာမင်ဂမ်မြို့ အက်စတွန်အားကစားရုံကြီး၌ ဘာမင်ဂမ်မြို့ခံပြိုင်ဘက် မက်သရူမက်ကလင်နှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

ထိန်းသိမ်းထားနိုင်

အသက် ၃၃နှစ်ရှိ အယ်လ်ကွတ်ခ်သည် ဗြိတိသျှ မစ်ဒယ်ဝိတ်သရဖူကို ၂၀၀၇ခုနှစ်ကတည်းက ဆွတ်ခူးရရှိ ထိန်းသိမ်းထားနိုင်ခဲ့သူဖြစ်သည်။

အယ်လ်ကွတ်ခ်က ၎င်းမှတ်မိသမျှတွင် ယခင်က ဘာမင်ဂမ်မြို့ခံ ထိပ်တန်းလက်ဝှေ့သမားနှစ်ဦး ယခုကဲ့သို့ ဘာမင်ဂမ်မြို့တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ခြင်း မရှိဖူးသေးကြောင်း။

ရှုံးနိမ့်ခဲ့

အယ်လ်ကွတ်ခ်သည် ၂၀၀၇ခုနှစ် ဒီဇင်ဘာလက အိုင်ဘီအက်ဖ် ကမ္ဘာ့လက်ဝှေ့သရဖူစိန်ခေါ်ပွဲတွင် ဂျာမနီလက်ဝှေ့သမား အာသာအေဘရာဟမ်အား ရှုံးနိမ့်ခဲ့သူ ဖြစ်သည်။

(အင်တာနက်)

ရှိုင်ရယ်ဂေါက်သီးရိုက်ပြိုင်ပွဲ အာရှအဖွဲ့ ဆုဖလားရရန် နီးစပ်လာ

လန်ဒန် ဇန်နဝါရီ ၁၁

အာရှဂေါက်သီးအဖွဲ့သည် ဇန်နဝါရီ၁၀ ရက်က ဥရောပဂေါက်သီးအဖွဲ့အား ခြောက်မှတ်ခွဲ-တစ်မှတ်ခွဲဖြင့် အနိုင်ရရှိပြီး နောက် ၎င်းတို့အနေဖြင့် ရှိုင်ရယ်ဂေါက်သီး ဆုဖလားကို ဆွတ်ခူးရန် ပိုမိုနီးစပ်လာပြီ ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။

ယခင်ဂေါက်သီးရိုက်ပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် ၃-၁ဖြင့် အနိုင်ရရှိပြီး ပြိုင်ပွဲကို ဦးဆောင်ခဲ့သော ဂေါက်သီးသမား ဂျိုးဇာကီဦးဆောင်သည့် အာရှဂေါက်သီးအဖွဲ့သည် ဆိုရင်ဟန်ဆင်နှင့် လော်ဝီတို့ ဦးဆောင်သောဥရောပမှ ဂေါက်သီးအဖွဲ့အား လေးပွဲကစားရာတွင် သုံးပွဲအနိုင်ရရှိခဲ့သည်။ ဟန်ဆင်နှင့် လော်ဝီတို့သည် ရိုင်အိုရှိကာဝါနှင့် တိုရူတာနီဂူချီတို့အား အစပိုင်းတွင် ၁၅ချက် လျှော့ရိုက်ကာ ဦးဆောင်နိုင်ခဲ့သော်လည်း နောက်ပိုင်း၌ ပွဲစဉ်တစ်ခုလုံးတွင် သရေပွဲ ကျခဲ့သည်။ အာရှဂေါက်သီးအဖွဲ့ အတွက်မူ အနိုင်ရရန် နှစ်မှတ်သာလိုတော့ကြောင်း ဖော်ပြသည်။

(အင်တာနက်)

ချစ် စိုး နိုင် စု စည်း တင် ပြ သည်

မန်စီးတီးကခေါ်ယူမယ့် ပေါင်သန်း ၃၀တန် ဇာရက်တီ

✍ မောင်မောင်မြင့်ဆွေရေးသားတင်ပြပြီး ဉာဏ်ဟိန်းစိုး စာမျက်နှာဖွဲ့သည်

လန်ဒန် ဇန်နဝါရီ ၁၁

ပရီမီယာလိဂ်မှာ ရလဒ်တွေ ဆိုးရွားနေပေမယ့် အခုဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်မှာ အသင်းကို ထိထိရောက်ရောက် အကျိုးပြုမယ့် ဘောလုံးသမားတွေကို ဈေးကြီးကြီးပေးပြီး ခေါ်ယူနေတဲ့ မန်စီးတီးအသင်းဟာ လာဇီယိုကလပ်ရဲ့ တိုက်စစ်မှူးဇာရက်တီကို ပေါင်သန်း ၃၀နဲ့ ခေါ်ယူဖို့ ကြိုးစားနေပြီ ဖြစ်ပါတယ်။

ထိပ်တန်းဘောလုံးသမားတွေကို ခေါ်ယူဖြည့်ဆည်းပေးနေတဲ့ မန်စီးတီး ကလပ်ပိုင်ရှင် အာရပ်စော်ဘွားတွေကတော့ လက်ရှိအချိန်မှာ ရလဒ်တွေ ဆိုးရွားနေပေမယ့် ဒါကိုအပြီးမပျက်ဘဲ ရေရှည်စီမံကိန်း တစ်ရပ်အနေနဲ့ ကမ္ဘာကျော်အသင်းအဖြစ် ရောက်ရှိအောင် တည်ဆောက်သွားမယ်လို့ ပြောကြားနေပါတယ်။



စိုင်းပြင်းနေ

မန်စီးတီးကလပ်က ခေါ်ယူမယ့် လာဇီယိုတိုက်စစ်မှူး ဇာရက်တီကို ကလပ်ပိုင်ရှင်စော်ဘွားတွေက အရင်ကတည်းက သဘောကျ စိတ်ဝင်စားနေပြီး ဇန်နဝါရီဈေးကွက် မဖွင့်ခင်ကတည်းက ခေါ်ယူဖို့ စိုင်းပြင်းနေကြတာ ဖြစ်ပါတယ်။

မန်စီးတီးကလပ်က ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်ကာလမှာ ဘောလုံးသမားဝယ်ယူဖို့ ပေါင်သန်း ၅၀ခွဲပြုထားခဲ့ပေမယ့် လိုအပ်ရင် ဒီထက်မက ငွေကြေးသုံးစွဲလို့ရတယ်လို့ ဆိုထားပါတယ်။

ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ပေးပြီး မန်စီးတီးကို ခေါ်ယူဖို့ ကြိုးစားနေတာကို လာဇီယိုကလပ်က တာဝန်ရှိသူတွေ လက်ခံတော့မယ်လို့ သတင်းတွေထွက်ပေါ်လာတာမို့ တိုက်စစ်မှူးဇာရက်တီကတော့ မန်စီးတီးကိုရောက်ဖို့ အတော်လေး နီးစပ်နေပြီ ဖြစ်ပါတယ်။

ခြေစွမ်းထက်

တကယ်တော့ မန်စီးတီးက ခေါ်ယူမယ့် ဇာရက်တီဟာ အခုမှ အသက် ၂၁နှစ်သာရှိသေးတဲ့ အာဂျင်တီးနားလူငယ်တိုက်စစ်မှူး ဖြစ်ပါတယ်။ လာဇီယိုကလပ်ကို ဒီနှစ်ဘောလုံးရာသီအစမှာ ရောက်ရှိလာတာဖြစ်ပြီး လာဇီယိုအတွက် ဒီနှစ်စီးရီးအေမှာ ပွဲပေါင်း ၁၇ပွဲ ကစားပေးခဲ့ပြီး ရှစ်ဂိုး သွင်းယူပေးထားတာမို့ ခြေစွမ်းထက်တဲ့ လူငယ်တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်ပါတယ်။

အာဂျင်တီးနားအသင်း တိုက်စစ်မှူးအဖြစ် ခြေစွမ်းပြနေပြီး စီးရီးအေမှာလည်း ခြေစွမ်းအထက်ဆုံး လူငယ်တိုက်စစ်မှူးဖြစ်တာမို့ စပိန်ကလပ် ရီးရဲမက်ဒရစ်ကလည်း ခေါ်ယူဖို့ ကြိုးစားနေပါတယ်။ ဒါ့အပြင် ပရီမီယာလိဂ် ထိပ်တန်းကလပ်တွေဖြစ်တဲ့ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေတာကြောင့် မန်စီးတီးကလပ်က သူများတွေ မပေးနိုင်တဲ့ဈေးကိုပေးပြီး ခေါ်ယူဖို့ ကြိုးစားနေခြင်းဖြစ်ပါတယ်။

ထွက်ပေါ်

အာဘူဒါဘီစော်ဘွားတွေကတော့ တိုက်စစ်မှူးဇာရက်တီကို ရအောင် ခေါ်ယူဖို့ တာဝန်ပေးထားတာမို့ အခုဆိုရင် လာဇီယိုကလပ်က တာဝန်ရှိသူတွေနဲ့ မန်စီးတီးတို့ သဘောတူစာချုပ်ချုပ်ဆိုတော့မယ်လို့လည်း သတင်းတွေ ထွက်ပေါ်နေပါတယ်။ ဒါပေမယ့်တိုက်စစ်မှူး ဇာရက်တီကတော့ မန်စီးတီးကို ပြောင်းရွှေ့ဖို့ စိတ်အားမထက်သန်ဘူးလို့ ဆိုပါတယ်။

ဇာရက်တီက မန်စီးတီးမှာ တိုက်စစ်မှူး ရော်ဘင်ဟိုတို့ရှိနေတာမို့ သူ့အနေနဲ့ ပုံမှန်ပွဲထွက်ခွင့်မရမှာ စိုးရိမ်နေတာကြောင့် မပြောင်းရွှေ့လိုတာဖြစ်သလို သူ့ရဲ့ကစားဟန်ဟာ ပရီမီယာလိဂ်ထက် စီးရီးအေမှာ ပိုပြီး အံဝင်ခွင်ကျရှိတယ်လို့ ယုံကြည်နေတာကြောင့် မပြောင်းရွှေ့လိုတာလည်း ပါဝင်တယ်လို့ ဆိုပါတယ်။

စောင့်ကြည့်ရ

ဒါပေမယ့် ပရီမီယာလိဂ်ဟာ ပြိုင်ဘက်ကောင်းတွေပေါများတာမို့ ပွဲကောင်းတွေကို မပြတ်တမ်းနွှဲရတာကတော့ စိတ်လှုပ်ရှားစရာပါလို့ ဇာရက်တီက ပြောကြားနေပါတယ်။ မန်စီးတီးကလပ်အပြင် ဥရောပထိပ်တန်း ကလပ်တွေရဲ့ စိတ်ဝင်စားမှုကိုခံရပြီး အပြိုင်အဆိုင်ခေါ်ယူဖို့ ကြိုးစားနေတာမို့ ဇာရက်တီအနေနဲ့ မန်စီးတီးကို ဇန်နဝါရီဈေးကွက်ကာလအတွင်းမှာ ရောက် မရောက်စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။ **ကိုးကား-အင်တာနက်**



အာရှဘော်လီဘောချန်ပီယံဖြစ်ရေး ဗီယက်နမ်အသင်း လေ့ကျင့်ပြင်ဆင်

ဟနွိုင်း ဇန်နဝါရီ ၁၁

ဗီယက်နမ်နိုင်ငံသည် လာမည့်စက်တင်ဘာ ၅ရက်မှ ၁၃ရက်အထိ အာရှဘော်လီဘောပြိုင်ပွဲကို ဟနွိုင်းမြို့၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည် ဖြစ်ကြောင်း ဗီယက်နမ်ဘော်လီဘောအားကစားအဖွဲ့ချုပ်က ဇန်နဝါရီ ၁၀ရက်၌ ပြောကြားသည်။

သတင်းထုတ်ပြန်

ဗီယက်နမ်နိုင်ငံအနေဖြင့် အာရှဘော်လီဘောပြိုင်ပွဲကို အိမ်ရှင်အဖြစ် ပထမဆုံး ကျင်းပသော်လည်း ဗီယက်နမ်အမျိုးသား၊ အမျိုးသမီး ဘော်လီဘောအသင်းများအနေဖြင့် အာရှဖလားကို ဆွတ်ခူးနိုင်ရန် အပြင်းအထန်လေ့ကျင့်နေပြီဖြစ်ကြောင်း ဗီယက်နမ် ဘော်လီဘော အဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။

(အင်တာနက်)

မာစီးဒီးချန်ပီယံဂေါက်သီးရိုက်ပြိုင်ပွဲ ဩစတြေးလျမှ ဂျီအော့ဖ်အိုဂီလ်ဗီ ဦးဆောင်နေ

လန်ဒန် ဇန်နဝါရီ ၁၁

အမေရိကန်ဟာဝိုင်ယီ၌ ကျင်းပသော မာစီးဒီးချန်ပီယံဂေါက်သီးရိုက် ပြိုင်ပွဲတွင် ထိပ်ဆုံးမှဦးဆောင်နေသူ ဩစတြေးလျဂေါက်သီးသမား ဂျီအော့ဖ် အိုဂီလ်သည် ဇန်နဝါရီ ၁၀ရက်က ဒုတိယအဆင့်ပွဲစဉ်များအပြီးတွင်လည်း ဆက်လက်ဦးဆောင်လျက်ရှိသည်ဟု ဆိုသည်။

အမေရိကန်အိုးပင်းချန်ပီယံဟောင်း အိုဂီလ်ဗီသည် သတ်မှတ်ချက် အောက် ၁၁ချက်လျှော့ရိုက်ခဲ့ပြီး စုစုပေါင်းရိုက်ချက် ၆၆ချက်ဖြင့် ဦးဆောင် နေသည်။ အမေရိကန်မှ ဒီဂျေထရာဟန်က ရိုက်ချက်ပေါင်း ၆၈ချက်နှင့် တောင်အာဖရိကတိုက်မှ အီရ်နီအယ်လ်စ်က၆၉ချက် အသီးသီးရပ်တည် နေကြသည်။

အမေရိကန်ဂေါက်သီးကြယ်ပွင့် အန်ထော်နီကင်မ်နှင့် ဝါရင့်ဂေါက်သီး အကျော်အမော်များဖြစ်ကြသည့် ကင်နီပယ်ရီနှင့် ဒေးဗစ်လပ်ဗ်တို့အပါအဝင် ဂေါက်သီးအားကစားသမားခြောက်ဦးသည် သတ်မှတ်ရိုက်ချက်အောက် ခုနစ် ချက်စီ အသီးသီးလျှော့ရိုက်ထားကြသည်။ (အင်တာနက်)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

[တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁)]
တောင်ကြီးခရိုင်တရားရုံး၌
၂၀၀၈ ခုနှစ် တရားမကြီးအမှုအမှတ်-၉၆

၁။ ဦးလှစောခိုင် **နှင့်** ဒေါ်ခင်တိုး
၂။ ဒေါ်နိုင်နိုင်စိုး
တရားလိုများ **တရားပြိုင်**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ အစိုးရလမ်း၊ အကွက်အမှတ် ၅၈၊ အမှတ် ၃၈နေ ဒေါ်ခင်တိုး (ယခုနေရပ်လိပ်စာမသိသူအား) သိစေရမည်။

သင့်အပေါ်၌ တရားလိုများကငွေကျပ်၆၃၅၀၀၀၀ (ကျပ်ခြောက်ဆယ့်သုံးသိန်းငါးသောင်း) ရလိုမှုနှင့် ထိုငွေအပေါ် ဥပဒေကသတ်မှတ်သော နစ်နာကြေးငွေရလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၉ခုနှစ် ဇန်နဝါရီ၂၉ရက်(၁၃၇၀ပြည့်နှစ် တပို့တွဲလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက် ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၉ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ချိုချိုမာ(တ/၁၈၈၉)ဒုတိယခရိုင်တရားသူကြီး(၁)၊
တောင်ကြီးခရိုင်တရားရုံး၊တောင်ကြီးမြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာများတင်သွင်းရန်

ကြေညာချက် (၁/၂၀၀၉)

ရန်ကုန်မြို့။ ၁၃၇၀ပြည့်နှစ် ပြာသိုလဆန်း ၆ ရက်
(၂၀၀၉ခုနှစ်၊ ဇန်နဝါရီလ ၁ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း/ကျောက်မျက်လုပ်ကွက်များ အနက်မှ ၂၀၀၉ခုနှစ် ဧပြီ၊ မေလများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များ၊ လစ်လပ်ဖော် ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ (ပုဒ်မ-၁၂)၊(ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များအဆိုပြုလျှောက်ထားသော ကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေး အထောက်အထားများခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement)ကို ပူးတွဲတင်ပြ လျှောက်ထားရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၀၉ခုနှစ် ဇန်နဝါရီလ ၅ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၁၉)၊ သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင် လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅) နှင့် ပူးတွဲပုံစံ (ဖထ-၁) တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင် ချိတ်ထိုးပြီး ၂၀၀၉ခုနှစ် ဇန်နဝါရီ၅ရက်မှ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလ ၅ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ ရုံးအမှတ်(၁၉)၊ သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ အာမခံစပေါ်ငွေ (Deposit) ပေးသွင်းခြင်း၊ ဒဏ်ကြေးငွေသတ်မှတ်ခြင်း၊ လုပ်ကွက်လျှောက်ထားခွင့်ပိတ်ပင်ခြင်းများကို ယခင်ကြေညာချက်များအတိုင်း သတ်မှတ်ထားရှိပါသည်။

၅။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင်လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

သတင်းကြေညာချက်

ရန်ကုန်မြို့။ ၁၃၇၀ပြည့်နှစ် ပြာသိုလဆန်း ၆ ရက်
၂၀၀၉ခုနှစ် ဇန်နဝါရီလ ၁ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၀၉ခုနှစ် (၄၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာကွန်ဗင်းရှင်းစင်တာ၌ ၂၀၀၉ခုနှစ် မတ်လအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ၂၀၀၉ခုနှစ်၊ (၄၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် တင်ပြရောင်းချမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်၍ ၂၀၀၉ခုနှစ် (၄၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို **၂၀၀၉ခုနှစ် ဇန်နဝါရီလ ၁ရက်မှ ဖေဖော်ဝါရီလ ၂၀ရက်**အတွင်း စစ်ဆေးခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲနေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ၂၀၀၉ခုနှစ် (၄၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရန်ကုန်မြို့)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း (ရန်ကုန်မြို့)၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေပြုသည့် ကျောက်စိမ်း/ကျောက်မျက်တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ။

အများသိစေရန်

ကျွန်တော်၏ဇနီးဖြစ်သူ အဖ ဦးချိုပြုံး၏သမီး မသီတာသိုက်(ခ)နီနီ ၁၃/ပလန(နိုင်) ဝ၄၅၅၇၆သည် မိမိသဘောဆန္ဒအလျောက်နေအိမ်မှ ရွှေ၊ ငွေပစ္စည်းများ၊ ဆိုင်ကယ်တို့အား ယူဆောင်ထွက်သွားပါသဖြင့် ၇-၁-၂၀၀၉ရက်မှစ၍ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဦးမင်းဇော်အောင်**
၁၃/တကန(နိုင်)၁၄၃၃၆၀၊
ရွှေညောင်။



ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ရေယာဉ်လုပ်သက် မှတ်တမ်းစာအုပ်အမှတ် ရန် ၁၀၂၃/၀၅သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။ **ဦးထွန်းရီ ဖုန်း-၀၉-၉၉-၂၂၀၆၂။**

အမည်ပြောင်း

မြဝတီမြို့ အမှတ် (၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းနေ ဦးသန်းထိုက် ၃/မဝတ(နိုင်)၀၀၀၀၆၀၊ နန်းမီမီလွင် ၃/ကကရ(နိုင်)၀၁၂၉၂၅တို့၏ သားဖြစ်သူ မောင်ထိုက်ဦးဦးဆက်အား မောင်ထိုက်ဦးဦးဟု အမည်ပြောင်းလဲခေါ်ပါရန်။
မောင်ထိုက်ဦးဦး။

မီးကို ကြိုတင် ကာကွယ်မှုဖြင့် အနိုင်ယူပါ

စာအုပ်စာပေ လူ့မိတ်ဆွေ

SUPER COOL ENGINEERING GROUP မှ
လူကြီးမင်းတို့၏ အဲယားကွန်း၊ရေခဲသေတ္တာအား ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ဆေးကြောခြင်းလုပ်ငန်းများကို အိမ်အရောက်ဝန်ဆောင်မှုပေးနေပါသည်။
ဖုန်း-၇၀၆၃၅၆၊ ၇၀၅၇၈၄။

ဆင်ကျုံးဆရာတော်မွေးနေ့
ပူဇော်ပွဲ ကျေးဇူးတင်လွှာ

ရမည်းသင်းမြို့ ဆင်ကျုံးတောရ စာသင်တိုက်ကြီး နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတသက်တော်ရှည် ဆင်ကျုံးဆရာတော်ဘဒ္ဒန္တကောသလ္လ မဟာထေရ်မြတ်ကြီး၏ (၉၁)နှစ်မြောက် မွေးနေ့ပူဇော်ပွဲကို ၁-၁-၂၀၀၉ ရက်က ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် ရမည်းသင်းမြို့ ရွှေစည်းခုံရပ်ကွက်နေ အလှူရှင် ဦးဝင်းကိုနှင့်ဇနီးဒေါ်စိုးစိုးတို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။
အကျိုးတော်ဆောင်အဖွဲ့။

ငါးသယံဇာတထိန်းသိမ်းရေးနှင့် ငါးမျိုးပြန့်ပွားတိုးပွားမှုကာကွယ်ရန် ဓနုဖြူမြို့၌ အသိပညာပေးဆွေးနွေး

ဓနုဖြူ ဇန်နဝါရီ ၅

ဧရာဝတီတိုင်း မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဓနုဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးဆောင်၍ ငါးသယံဇာတထိန်းသိမ်းရေးနှင့် ငါးမျိုးပြန့်ပွားတိုးမှုမှ ကာကွယ်ထိန်းသိမ်းရန် အသိပညာပေး ဆွေးနွေးပွဲများကို ဓနုဖြူမြို့နယ်အတွင်းရှိ ဗျဉ်းဘွဲ့ကျေးရွာအုပ်စုနှင့် လမန်းကျေးရွာအုပ်စုများရှိ အင်းအိုင်များသို့ ဒီဇင်ဘာ ၂၀ရက်က မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ကွင်းဆင်း ဆွေးနွေးဆောင်ရွက်သည်။ (ဝဲပုံ)

ထို့နောက် တွေ့ဆုံပွဲ၌ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအုန်းဝင်းက ငါးသယံဇာတ ထိန်းသိမ်းရေးအတွက် အင်းအိုင်စည်းကမ်းများအား လိုက်နာဆောင်ရွက်ရေး၊ အရွယ်အစားလုံးပတ် ၅စင်တီမီတာထက် သေးငယ်သော ငါးရှဉ့်များအား ဖမ်းဆီးခြင်းမပြုရန်၊ တားမြစ်ထားသော ငါးဖမ်းကိရိယာများဖြစ်သည့် ဘက်ထရီရှော့တိုက်ငါးဖမ်းခြင်း၊ အဆိပ်ချ ငါးဖမ်းနည်းများဖြင့် မဖမ်းဆီးကြရန်၊ ရေရှည်တွင် ငါးသယံဇာတများကို တိုးပွားများပြားလာစေရန်၊ အင်းအိုင်များအတွင်း ငါးမျိုးစိုက်ထည့် မွေးမြူရေး၊ ငါးများအား ကုန်စင်အောင် ဖမ်းဆီးခြင်းမပြုဘဲ ငါးမျိုးစနစ်တကျ ချန်လှပ်ထားစေရေးများကို အသိပညာပေးဆွေးနွေးပြီး တက်ရောက်လာကြသော အင်းသားများနှင့် အင်းလုပ်သားများက သိလိုသည်များကိုမေးမြန်းရာ ငါးလုပ်ငန်းဦးစီးမှူး ဦးအုန်းဝင်းနှင့်အဖွဲ့က ပြန်လည်ရှင်းလင်းဖြေကြားသည်။ (၁၄၇)

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မဟာဗန္ဓုလလမ်း(မြို့ပြ)ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ရက်က အဆိုပါလမ်းထိပ်မှာ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မတူပီမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၁

မတူပီမြို့နယ်အသင်း (ရန်ကုန်) ၏ ၂၀၀၈ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိသည့် အသင်းဝင်သားသမီးများ ဂုဏ်ပြုဆုပေးအပ်ပွဲနှင့် အသက်၇၀ကျော်သူများအား ဂါရဝပြုလက်ဆောင်ပေးအပ်ခြင်းကို ဇန်နဝါရီ ၃၁ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် မရမ်းကုန်းမြို့နယ် အမှတ်(၄၁) ဦးအောင်မင်းလမ်း ခဝဲခြံရှိ လိုင်နှစ်ခြင်းရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ မဝင်ရသေးသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေတက်ရောက်ကြရန် နှိုးဆော်ထားသည်။

၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးရရှိသူများနှင့် အသက်၇၀ကျော်သူများ အမည်စာရင်းကို ဇန်နဝါရီ ၂၅ရက်နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးဒိုင်ထုန်း ဖုန်း-၅၃၈၃၂၈၊ ဒုတိယဥက္ကဋ္ဌများ ရဲမှူးလျံကြယ်(ငြိမ်း) ဖုန်း-၆၅၃၄၈၂၊ ဦးတင်ဟရန် ဖုန်း-၃၇၉၅၆၆၊ ဦးပေါလျန်လွင်း ဖုန်း-၆၅၁၉၂၂၊ အတွင်းရေးမှူးများ ဦးဆန်ဘွေ ဖုန်း- ၅၀၁၈၄၆၊ လိုင်းခွဲ-၃၆၇၊ ဦးရမ်ပူးလ် ဖုန်း-၆၁၁၇၈၀၊ ဦးကိုလေး ဖုန်း-၀၉-၅၀-၄၄၈၆၄ တို့နှင့် နီးစပ်ရာ အမှုဆောင်များသို့ ဆက်သွယ်အကြောင်းကြားရန်နှိုးဆော်ထားသည်။
(မြန်မာ့အလင်း)

ဇန်နဝါရီ၆ရက်က အောင်သပြေလမ်း တိုက်အမှတ်၃၅ အခန်း၃၀၂ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ကိုသက်လွင်-မမြမြမိုးတို့၏သား၊ သားသား၏ တစ်နှစ်ပြည့်မွေးနေ့အဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ရွှေဂုံတိုင် ကလေးပြုစုရေးဌာနမှ ကလေးငယ်များအား အာဟာရမုန့်များ လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

စစ်ကိုင်းတိုင်း စည်ပင် သာယာရေးအဖွဲ့ ပိုင် မြို့မဈေးကြီးတွင် ဒီဇင်ဘာ ၁၈ရက်က စည်ပင်သာယာရေးအဖွဲ့နှင့်အတူ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများပူးပေါင်း၍ မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးဖြင့် လက်တွေ့ မီးငြိမ်းသတ်မှုများ သရုပ်ပြဇာတ်တိုက်လေ့ကျင့်နေမှုကိုလက်ထောက်ညွှန်ကြားရေးမှူး ဦးဇေယျာညိုနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးကိုကိုကြီးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၅၂ သန်း ထုတ်လွှတ်နိုင်မည့် နန်ချိုရေအားလျှပ်စစ်စီမံကိန်း

နေပြည်တော်ပျဉ်းမနား၌ တည်ဆောက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၁

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ဇန်နဝါရီ ၈ ရက် နံနက် ၈ နာရီခွဲက နေပြည်တော် ပျဉ်းမနားအရှေ့ခြမ်းရှိ နန်ချိုရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းနိုင်အေးက စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ရေသွယ်ဥမင်ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

အပွင့်ပွင့်ပြီး ကြွေတော့မည့် မချစ်ပင်ကို ဤသို့ အနီးကပ် တွေ့ရသည်။

မလိခူးတောင်တန်းပေါ်မှ နာမည်ကျော် မချစ်ဥများ

➢ သတင်းအက်ဆေး - မိုးမြင့်လင်းလက်
➢ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၁

မလိခူးတောင်တန်းပေါ်ရောက်တော့ မြူနှင်းတို့ဝေနေဆဲ။ ခပ်လှမ်းလှမ်းတောင်တန်းများပေါ်၌ ရေခဲများဖုံးလွှမ်းနေသည်ကို လှမ်းမြင်ရသည်။ ကချင်ပြည်နယ် ပူတာအိုခရိုင် မြောက်ပိုင်းဒေသသည် တစ်နှစ်ပတ်လုံးနီးပါး ရေခဲနေတတ်သည့်နေရာက များလေသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ *

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ထမင်း/ဟင်း ချက်ပြုတ်ခြင်းမပြုရန်၊
(ခ) မီးဖိုသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်၊
(ဂ) မီးသည်သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ မပေါ့ဆ အထူး သတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

ရေညှိမှထုတ်ယူသော ဇီဝလောင်စာဆီဖြင့် လေယာဉ်ပျံသန်းပြီ

➢ ဘာသာပြန်သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ ➢ စာမျက်နှာဖွဲ့စည်းမှု - ဇော်ထွန်းဦး(မြန်မာ့အလင်း)

နယူးယောက် ဇန်နဝါရီ ၁၁

စွမ်းအင်အစားထိုး စက်သုံးဆီများကို သုတေသနပြုစမ်းသပ်ထုတ်လုပ်နေချိန်တွင် ရေညှိမှထုတ်ထားသော ဇီဝလောင်စာဆီဖြင့် လေယာဉ်ပျံစမ်းသပ်မောင်းနှင်နိုင်ခဲ့ကြောင်း၊ ရေညှိမှထုတ်လုပ်သော ဇီဝလောင်စာဆီ စမ်းသပ်ထုတ်လုပ်မှု၏ ပထမဆုံးအကြိမ် အောင်မြင်မှုပင်ဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များ ပြောကြားသည်။

အောင်မြင်စွာ

ရေညှိမှ ထုတ်ယူထားသော ဇီဝလောင်စာဆီ ၅၀ ရာခိုင်နှုန်းနှင့် မူလလေယာဉ်ဆီ ၅၀ ရာခိုင်နှုန်းကို ရောစပ်ကာ ခရီးသည်တင် လေယာဉ်ဘိုးရင်း ၇၃၇-၈၀၀ကို မိနစ် ၉၀ကြာ အောင်မြင်စွာ စမ်းသပ်မောင်းနှင်နိုင်ခဲ့သည်။ စာမျက်နှာ ၉ ကော်လံ ၅ ■

စိုက်ပျိုးမြေ ၁၂၅၂၃ ဧကကို အကျိုးပြုလျက်ရှိသည့် တိုက်ကြီးမြို့နယ်အတွင်းမှ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ

သတင်းဆောင်းပါး - တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း - ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန
စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနသည် မြစ်ချောင်းများမှ ရေကို ရေစုပ်စက်ဖြင့် စုပ်တင်ခြင်း၊ မြေအောက်ရေဖော်ထုတ် ထုတ်ယူသုံးစွဲခြင်းနှင့် ရရှိလာသော ရေကို စိုက်ပျိုးရေးအတွက် အပြည့်အဝအကျိုးရှိစွာ အသုံးချရေးဟူသော ရည်မှန်းချက်တာဝန်(၃)ရပ်ကို ချမှတ်၍ နိုင်ငံတစ်ဝန်းလုံး၌ ကြိုးစားဖော်ဆောင်လျက်ရှိသည်။

အကျိုးပြု

ရန်ကုန်တိုင်း ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနသည် အဆိုပါ ရည်မှန်းချက်တာဝန်(၃)ရပ်ကို လက်တွေ့အကောင်အထည်ဖော်သည့် အနေဖြင့် ရန်ကုန်တိုင်းအတွင်းရှိ တိုက်ကြီးမြို့နယ်၊ ထန်းတပင်မြို့နယ်၊ မှော်ဘီမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ လှည်းကူးမြို့နယ်နှင့် သန်လျင်မြို့နယ်များတွင် လျှပ်စစ်ရေတင်စီမံကိန်းနှင့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများကို တည်ဆောက်၍ စိုက်ပျိုးရေးလုပ်ငန်းများကို အကျိုးပြုလျက်ရှိသည်။

စီမံကိန်း ငါးခု

ရန်ကုန်တိုင်း ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနသည် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်အတွင်း၌ လျှပ်စစ်မြစ်ရေတင် စီမံကိန်းငါးခုကို အကောင်အထည်ဖော် တည်ဆောက်ခဲ့ရာ စုစုပေါင်း စိုက်ပျိုးမြေ ၁၂၅၂၃ ဧကကို အကျိုးပြုလျက်ရှိနေပြီဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

သပြေတန်း လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် လှိုင်မြစ်မှ ရေကို သံပိုက်လုံးကြီးများဖြင့် မြောင်းမကြီးအတွင်းသို့ ရေတင်ကာ စိုက်ပျိုးမြေများသို့ ဖြန့်ဝေရန် ဆောင်ရွက်ထားမှုကို ဤသို့တွေ့ရသည်။

12-1 (20).pmd 1 1/12/2009, 2:18 AM